# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၉) ရက် ၊ စနေနေ့ ၊ (3-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၇၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့အနေဖြင့် ပထမဆုံးအကြိမ် ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစိုးရအဖွဲ့အသစ်အနေဖြင့် စိတ်ဓာတ်အသစ်၊ ခွန်အားအသစ်များဖြင့် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်
အယ်ဒီတာ့အာဘော်

# ရုပ်ရှင်အနုပညာဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးကိုဖော်ဆောင်

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့တွင်နေပြည်တော် **MICC-1** ၌ နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကစပြီး ပေါ်ပေါက်လာခဲ့ပြီး ငွေရတု၊ ရွှေရတု၊ စိန်ရတု၊ ယနေ့ ရာပြည့်ခေတ် ကျော်လွန်သည်ထိ ခေတ်စနစ်အမျိုးမျိုးကြားတွင် နိုင်ငံတော်၏အရေးပါသည့်အခန်းကဏ္ဍ၊ နိုင်ငံ၏ပကတိအခြေအနေများကို ရုပ်ရှင်အနုပညာဖြင့် ထင်ဟပ်ဖော်ပြတင်ဆက်နိုင်ခဲ့သည်။

ရုပ်ရှင်အနုပညာတစ်ရပ်သည် ထုတ်လုပ်သူ၊ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဓာတ်ပုံ၊ အသံ၊ ဂီတ၊ တည်းဖြတ်အပါအဝင် ကင်မရာသမား၊ မီးထိုးသမား၊ ရှူတင်မန်နေဂျာနှင့် သယ်ယူပို့ဆောင်ရေးအဆုံး အားလုံးစုပေါင်းညီညွတ်စွာဖန်တီးမှသာ ရလဒ်အနေဖြင့် ရုပ်ရှင်ချစ်ပရိသတ်များ၏ရင်ထဲသို့ အလွမ်း၊ အဆွေး၊ အသော စသည့်ရသစုံပေးစွမ်းခံစားနိုင်မည်ဖြစ်သည်။ ထိုသို့ စုပေါင်းညီညီဖန်တီးရာတွင် မိမိလူမျိုး၏ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပြီး ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ စဉ်ဆက်မပြတ်လေ့လာ၍ နိုင်ငံတကာအဆင့်မီအောင် ရုပ်ရှင်အနုပညာရပ်ဆိုင်ရာများကို ဖန်တီးဖော်ထုတ်ရမည်ဖြစ်သည်။

မြန်မာရုပ်ရှင် ငွေရတု၊ ရွှေရတု၊ စိန်ရတုကာလ၊ ရာပြည့်နှစ်ကာလနှင့် ရာပြည့်နှစ်အလွန်ကာလများထိတိုင် ရုပ်ရှင်အနုပညာရှင်၊ ရုပ်ရှင်အတတ်ပညာရှင်များနှင့် ရုပ်ရှင်လောကသားများသည် မိမိတို့၏အနုပညာစွမ်းပကားဖြင့် နိုင်ငံနှင့်ပြည်သူ့အကျိုးကို ဖော်ဆောင်ခဲ့ကြသည်။ ပြည်သူများကို အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်ထွန်းကားရေး၊ ပြည်သူများ၏အသိအမြင်ပညာတိုးတက်ရေး၊ ယဉ်ကျေးမှုရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ရိုက်ကူးတင်ပြနိုင်ခဲ့ကြသည်။ ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး ပြည်သူများကို စည်းရုံးခြင်း၊ ပညာပေးခြင်း ဖျော်ဖြေပေးခြင်းတို့ကိုလည်း ယနေ့ထိတိုင် ကိုယ်တိုင်ကိုယ်ကျတစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ရုပ်ရှင်အနုပညာရှင်၊ ရုပ်ရှင်အတတ်ပညာရှင်များ၏ အဓိကအသက်မွေးဝမ်းကျောင်းအလုပ်မှာ ပြည်သူတို့၏စိတ်နှလုံးကို ကြည်သာရွှင်ပြုံးစေရန်၊ ဘဝအမောများပြေပျောက်စေရန် မိမိတို့၏အနုပညာစွမ်းပကားဖြင့် ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဖြစ်သည်။ ထိုသို့ ရုပ်ရှင်သည် ပြည်သူ့အတွက်ဟု ခံယူဖျော်ဖြေကြသော အနုပညာဝမ်းစာပြည့်ဝသည့် အနုပညာလောကသားများကို ခေတ်အဆက်ဆက်၌ နိုင်ငံတော်နှင့်ပြည်သူတို့က အစဉ်ထာဝရအားပေးချီးမြှောက်လျက်လည်းရှိသည်။

ရုပ်ရှင်လောကသားများကို အားပေးချီးမြှောက်မှုအဖြစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲများကို မြန်မာ့ရုပ်ရှင်ခေတ်ဦး ၁၉၅၂ ခုနှစ်မှစတင်ကျင်းပခဲ့၍ ၂၀၂၃ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲထိဆိုလျှင် ၆၅ ကြိမ်မြောက်ထိရှိပြီဖြစ်ပြီး ရုပ်ရှင်ထူးချွန်ဆုအသီးသီးကို ထိုက်ထိုက်တန်တန် ချီးမြှင့်နိုင်ခဲ့ပါသည်။ ရုပ်ရှင်ထူးချွန်ဆုရရှိသည့် အနုပညာရှင်များ၊ ရုပ်ရှင်ထူးချွန်ဆုဆွတ်ခူးနိုင်ရန် ကြိုးစားဆဲအနုပညာရှင်များအားလုံးအနေဖြင့် မိမိနိုင်ငံ၏ အနုပညာလုပ်ငန်းများ နိုင်ငံတကာအဆင့်မီသည်ထိ ဆက်လက်အောင်မြင်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့်လည်း နိုင်ငံနှင့်လူမျိုးကိုချစ်သည့်စိတ်၊ နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုး သာယာတိုးတက်စေလိုသောစိတ်စေတနာများအရင်းခံ၍ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ရုပ်ရှင်အနုပညာစွမ်းပကားဖြင့် လက်တွဲညီညီ ဆက်လက်ဖော်ဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်အတွင်း ဧရာတ်သီးမှည့် ရွေးချယ်ပြီးအသန့် တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေ

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေး ဈေးကွက်အတွင်း ဧရာတ်သီးမှည့် ရွေးချယ်ပြီးအသန့် တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ဧရာတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး ဈေးကွက်အတွင်း ဒေသစုံမှထွက်ရှိလာသည့် ဧရာတ်သီးမှည့်များ ဝင်ရောက်လာကြောင်း၊ မန္တလေးဈေးကွက်အတွင်း ရောင်းချနေရာတွင် ရွေးချယ်ပြီးအသန့် တစ်ပိဿာလျှင်ငွေကျပ် ၂၆၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း ဧရာတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

"ဧရာတ်သီးမှည့် ရွေးချယ်ပြီးအသန့် တစ်ပိဿာကို ငွေကျပ် ၂၆၀၀ ပေါက်ဈေးရှိနေပါတယ်။ အခုလက်ရှိမှာ ဝယ်လက်နည်းသေးပါတယ်။ ပြည်တွင်းကိုတော့ ရောင်းချပါတယ်။ ဒါပေမဲ့ အစိုရောင်းချတာနည်းပါတယ်။ ဈေးကွက်ကလဲ အခုမှစတင်ဖွင့်တာပါ။ အခြောက်ခံပြီးမှ ရောင်းကြတာများပါတယ်။ အခုလက်ရှိမှာ ရောဝတီတိုင်းဒေသကြီးဘက်က ဧရာတ်သီးတွေ စပေါ်နေပါပြီ။ ဧရာတ်ဈေးကတော့ ကောင်းလာဖို့ အလားအလာရှိနေပါတယ်"ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ဧရာတ်များကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလကုန်မှစ၍ ထွက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆောင်းသီးနှံစိုက်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၅၀၀၂၃ ဒသမ ၇ သန်း ထုတ်ချေးပြီးဖြစ်



**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ဆောင်းသီးနှံစိုက်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၅၀၀၂၃ ဒသမ ၇ သန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း အဆိုပါဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါးနှင့် အခြားသီးနှံများအတွက် မြို့နယ်များရှိ တောင်သူများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလဒုတိယပတ်မှစ၍ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ မြို့နယ် ၁၃ မြို့နယ်ရှိ တောင်သူ ၃၃၆၅ ဦး အတွက် ချေးငွေကျပ် ၁၅၀၀၂၃ ဒသမ ၇ သန်းကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

"ဘဏ်ကနေ တောင်သူတွေ အကျိုးစီးပွားအတွက် ထုတ်ချေးပေးနေတာပါ။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်ကနေ စတင်ထုတ်ချေးပေးခဲ့တာပါ။ ဇန်နဝါရီလကုန်ထိ သက်တမ်းတိုးပြီးတော့ ချေးပေးခဲ့ရာမှာ အခုဆိုရင် အားလုံးထုတ်ချေးပေးပြီးပါပြီ။ ဆောင်းသီးနှံ စိုက်ပျိုးတဲ့တောင်သူတွေကို အဓိကထုတ်ချေးပေးတာပါ။ တောင်သူတွေ စိုက်ချိန်ပျိုးချိန်မှာ အဆင်ပြေအောင်ဆိုပြီးတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ထုတ်ချေးပေးနေတာပါ။ အတိုးနှုန်းသက်သာစွာနဲ့ တောင်သူတွေကို တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်ပေးတာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေကို စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၊ မြေပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲပုပ်၊ ပဲလွန်း၊ ပြောင်းစသည့် အခြားသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ချေးပေးကြောင်း၊ ထုတ်ချေးပေးပြီးသည့် မြို့နယ်များမှာ ချမ်းအေးသာစံ၊ အမရပူရ၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ မတ္တရာ၊ ပြင်ဦးလွင်၊စဉ့်ကိုင်၊ သပိတ်ကျင်း၊ စဉ့်ကူး၊ တံတားဦး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ရမည်းသင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် ရောင်းချလိုသူ များနေခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းနေဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အရောင်းအဝယ်ဖြစ်မှုနည်းနေသော်လည်း ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့အတွင်းရှိ ငွေကျပ်သိန်း ၁၀၀၀ အောက်ဈေးတန်း မြေကွက်များကို တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများ ဝယ်ယူမှုရှိနေကြောင်း သိရသည်။

"အရောင်းအဝယ်က မျှော်မှန်းထားသလောက်တော့ ဖြစ်မလာသေးပါဘူး။ ရောင်းချင်တာတွေ များနေပြီးတော့ အဝယ်က နည်းနေတာပေါ့။ ပြီးတော့ တန်ဖိုးနည်း အကွက်ရိုက်မြေကွက်လေးတွေလဲ အရောင်းအဝယ်ရှိတယ်။ မြို့တွင်းပိုင်းတွေကတော့ အရောင်းအဝယ် မဖြစ်သလောက်ပါပဲ"ဟု အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ငွေကျပ်သိန်း ၁၀၀၀ အောက် မြေကွက်များကို ဝယ်ယူနေကြခြင်းမှာ ငွေသားအနေဖြင့် ကိုင်ဆောင်မထားလိုကြသူများ၊ တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့် အိမ်ခြံမြေဈေးကွက်သို့ ဦးလှည့်လာကြခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာမြင့်တက်လာမှု မရှိသေးသော်လည်း အကွက်ရိုက် ရောင်းချမှုများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး ချမ်းမြသာစည်မြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် ငွေးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငွေးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ငွေးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ငွေးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကျောက်ရောမြေခင်းခြင်း၊ ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄၀ ဒသမ ၆၃ သန်းဖြင့် ပျော်ဘွယ်သားကုမ္ပဏီက ဇန်နဝါရီလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ငွေးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်မှုကြောင့် ကျေးရွာလေးရွာရှိ အိမ်ခြေ ၆၅၉ အိမ်၊ လူ ၃၄၄၅ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၂၀၀၀ ကျော် အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ စိုက်ပျိုးမြေဧကများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် တောင်ကြီးမြို့နေ ဒေါ်ကေသီစင် မိသားစုက ဦးကျော်မင်း၊ မစန္ဒာကျော်တို့အား ရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ နာယက သီဟသုဓမ္မမဏိဇောတာရေ ဦးကျော်ဝင်း၊ တာဝန်ကျဆရာဝန် ဒေါက်တာဦးသက်နိုင်တို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၂၅ ဧက စိုက်ပျိုးပြီးစီး



**ရမည်းသင်း ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၉၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၆၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ နှမ်းဧက ၁၉၀၀ စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိ ၁၆၂၅ ဧက စိုက်ပျိုးပြီးပါပြီ။ နှမ်းစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးပိုမိုကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# တောင်သာမြို့နယ် ဖျိုင်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**တောင်သာ ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဖျိုင်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဖျိုင်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဖျိုင်းအင်းကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ်လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ အရှည်ပေ ၂၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၃၃ ဒသမ ၉၅၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် Bihope ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၆၅ အိမ်၊ လူ ၃၈၅ ဦး သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**

# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေး မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေဖြန့်ဝေပေးသွားမည်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်မှ ဖေဖော်ဝါရီ ၁၆ ရက်တွင် စိုက်ပျိုးရေစတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်းအောင်က ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံများ တိုးတက်မြင့်မားရေးအတွက် မဲဇလီရေလွှဲဆည်ရေဖြင့် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာတွင် နွေစပါး ၃၁၂၈၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ပြီး တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာတွင် နွေနှမ်း ၃၇၃၄၈ ဧက စုစုပေါင်း နွေသီးနှံ ၆၈၆၃၅ ဧက စိုက်ပျိုးရန်လျာထားကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် စိုက်ပျိုးရေဖြန့်ဝေပေးခြင်းကို တောင်သူတွေ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့ မဲဇလီရေလွှဲဆည်ကနေ ဆည်ရေတွေကို တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်းမြောင်းမကြီးကတစ်ဆင့် ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေဖြန့်ဝေပေးမှုနဲ့ပတ်သက်ပြီး လယ်ယာလုပ်ငန်းခွင် ကြိုတင်ပြင်ဆင်နိုင်ဖို့၊ စိုက်ပျိုးရေကို အကျိုးရှိရှိသုံးစွဲကြဖို့နဲ့ စိုက်ပျိုးရေရယူသုံးစွဲရာမှာ ဆင်ခြင်သတိပြုရမဲ့အချက်တွေကို တောင်သူတွေ သိရှိစေဖို့အတွက် အသိပေးဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေဖြန့်ဝေပေးမဲ့ရက်ကတော့ ဖေဖော်ဝါရီ ၁၆ ရက်ကစပြီး ဇွန် ၁၆ ရက်ထိဖြစ်ပါတယ်။ ဒီနှစ်က နွေစပါးအတွက် မြောက်မုန်းမြောင်းမကြီးကတစ်ဆင့် ဖြန့်ဝေပေးသွားမှာဖြစ်ပြီး နွေနှမ်းနဲ့ တခြားနွေသီးနှံအတွက် တောင်မုန်းမြောင်းမကြီးကတစ်ဆင့် ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်းအောင်က ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၆၁)

**ကြည်လွင်မြင့် (မုံရွာ)**



**အကျော်ပင်**

အင်္ဂလိပ်အမည် - Aloe-Wood Eagle-Wood.

မျိုးရင်း - Thymelaeaceae (အကျော်မျိုးရင်း)

ရုက္ခဗေဒအမည် - Aquilariaagallocha Roxb.

**အဓိကဆေးဖက်ဝင်ပုံ**

အမူးအမော်၊ ဝိုက်နာရောဂါ၊ နာတာရှည်အဖျားရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ လေထိုးလေအောင့်ရောဂါ၊ သွေးအန်သွေးကျရောဂါ၊ အရေပြားရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

တနင်္သာရီရိုးမ၊ မြိတ်ခရိုင်အတွင်းရှိ ကျွန်းများတွင် ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အနှစ်သား။

**အပင်ပုံသဏ္ဌာန်**

အကျော်ပင်သည် အမြဲစိမ်းအပင်ကြီးမျိုးဖြစ်ပြီး အမြင့်ပေ ၇၀ မှ ပေ ၁၁၀ ထိ မြင့်သည်။ ပင်စည်နှင့် အကိုင်းအခက်တို့မှာ ဖြောင့်မတ်ခြင်းမရှိချေ။ အခက်

❖ မြန်မာဆေးကျမ်းများအဆိုအရ အကျော်ပင်သည် အေး၏။ အပူကို ငြိမ်းစေ၏။ ချောင်းဆိုးရောဂါ၊ နူနာရောဂါတို့ကိုနိုင်၏။ ခါးသောအရသာရှိသည်။ ကြေကျက်လွယ်သည်။ ဝဖြိုးစေသည်။ အစာမကြေရောဂါ၊ မျက်စိရောဂါ၊ နားရောဂါတို့ကို ပျောက်ကင်းစေသည်။ ဆီးကို ရှင်စေသည်။ အသည်းနှင့်အူအတွင်း၌ဖြစ်သောရောဂါများကို ပျောက်ကင်းနိုင်သည်။ ခံတွင်းနံ့မကောင်းခြင်းကို ပယ်၏။ ❖

အလက်များစွာဖြာသည်။ အခေါက်သည် လှိုင်းထသကဲ့သို့ ကြမ်းတမ်းသည်။ အသားပွ၍ အဖြူရောင်သန်းသော ဝါကြန့်ကြန့်အဆင်းရှိသည်။

အကျော်ပင်၏အရွက်သည် ရွက်လွှဲခပ်ကျဲကျဲထွက်သည်။ အလျားနှစ်လက်မမှ သုံးလက်မထိ ရှည်သည်။ အနံတစ်လက်မခွဲခန့်ရှိသည်။ ရွက်ပြားသည် သားရေကဲ့သို့ ပျော့ပျောင်း၍တောက်ပပြီး ရွက်ညှာတိုသည်။ ရွက်ကြောများပြားသည်။

အကျော်ပင်၏အပွင့်သည် ပိုးသားကဲ့သို့ နူးညံ့သည်။ အဖြူရောင်ရှိသည်။ တပေါင်းလ၊ တန်ခူးလတွင် ပွင့်သည်။

အကျော်ပင်၏အသီးသည် ကတ္တီပါကဲ့သို့နူးညံ့ပြီး ဘဲဥပုံသဏ္ဌာန်ရှိသည်။ တစ်လက်မခွဲမှ နှစ်လက်မထိ ရှည်သည်။ အသီးတွင် နှမ်းစေ့ခန့်အစေ့မြောက်မြားစွာပါရှိသည်။ ဝါဆိုလ၊ ဝါခေါင်လတွင် သီးသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ အကျော်ပင်သည် အေး၏။ အပူကို ငြိမ်းစေ၏။ ချောင်းဆိုးရောဂါ၊ နူနာရောဂါတို့ကိုနိုင်၏။ ခါးသောအရသာရှိသည်။ ကြေကျက်လွယ်သည်။ ဝဖြိုးစေသည်။ အစာမကြေရောဂါ၊ မျက်စိရောဂါ၊ နားရောဂါတို့ကို ပျောက်ကင်းစေသည်။ ဆီးကို ရှင်စေသည်။ အသည်းနှင့်အူအတွင်း၌ဖြစ်သောရောဂါများကို ပျောက်ကင်းနိုင်သည်။ ခံတွင်းနံ့မကောင်းခြင်းကို ပယ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ နှလုံးရောဂါဖြစ်လျှင် အကျော်ပင်၏ အနှစ်အသားကို အမှုန့်ပြု၍ ပျားရည်နှင့်ဖျော်ပြီး တစ်နေ့လျှင် ဟင်းစားဇွန်း တစ်ဇွန်းခန့် သောက်သုံးပေးပါ။ နှလုံးအမောရောဂါ သက်သာစေနိုင်သည်။

၂။ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်း၍ အကြောအဆစ်များတောင့်တင်းလျှင် အကျော်ပင်မှ ထွက်သောအစေးကို အရက်နှင့်ဖျော်ပြီး လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

၃။ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းဖြစ်ပါက အကျော်ပင်၏အနှစ်ကို သွေး၍ရှူပေးခြင်း၊ သောက်သုံးခြင်းပြုလုပ်ပါက ပျောက်ကင်းစေနိုင်သည်။

၄။ ဇက်ကြောတက်၊ ခေါင်းကိုက်ဖြစ်လျှင် အကျော်ပင်၏အနှစ်အသားကို အမှုန့်ပြုပြီး မီးခဲပေါ်တွင်ဖြူး၍ အငွေ့ကို ရှူပေးပါက သက်သာစေနိုင်သည်။

၅။ နာတာရှည်အဖျားရောဂါဖြစ်လျှင် အကျော်ပင်၏အနှစ်ကို အမှုန့်ပြုလုပ်ပြီး ပျားရည်နှင့်ဖျော်၍ လျက်ပေးပါ။ သို့မဟုတ် ရေနွေး၊ ရေကျက်အေးဖြင့် ဖျော်ပြီး သောက်သုံးပေးပါ။

၆။ ပန်းနာရင်ကျပ်ရောဂါဖြစ်လျှင် အကျော်အမှုန့်ကို သနပ်ဖက်တွင်ထည့်၍ ဆေးလိပ်လိပ်ပြီး မီးရှို့ပါ။ ဆေးလိပ်သောက်သကဲ့သို့ ရှူပေးပါ။ ပန်းနာရင်ကျပ်ရောဂါသက်သာ ပျောက်ကင်းနိုင်သည်။

၇။ လေထိုးလေအောင့်ဖြစ်လျှင် အကျော်နက်ကို သွေးပြီး ဆီနှင့် ဝမ်းဗိုက်တွင် လိမ်းပေးပါက ပျောက်ကင်းစေနိုင်သည်။

၈။ အနာများတွင် ပိုးကျခြင်း၊ လောက်တွယ်ခြင်းဖြစ်ပါက အကျော်ပင်၏အစေးနှင့် ပျားရည်ကိုရောစပ်ပြီး အနာတွင် ထည့်ပေးပါ။ အကျော်ပင်အမှုန့်ကို မီးရှို့ပြီး မှိုင်းတိုက်ပေးပါ။

၉။ အဆစ်ရောင်ရောဂါဖြစ်လျှင် အကျော်ပင်၏ အနှစ်သားကို သွေးလိမ်းခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

၁၀။ ခံတွင်းအနံ့မကောင်းသူများ၊ ခံတွင်းပုပ်စော်နံသူများသည် အကျော်ပင်၏အနှစ်ကို သွေးပြီး လျှာတွင်ပွတ်ပေးခြင်း၊ ရေနှင့်ဖျော်၍ငုံပေးခြင်းများ ပြုလုပ်ပါက သက်သာပျောက်ကင်းစေနိုင်သည်။

၁၁။ နားအူ၊ နားလေးသူများသည် အကျော်အနှစ်ကိုသွေးပြီး နားနောက်ရှိ နားအုံဖုတွင် လိမ်းပေးပါက နားလေးသက်သာစေသည်။

၁၂။ အစာမကြေရောဂါရှိသူများသည် အကျော်အမှုန့်ကို အစာစားပြီးတိုင်း လျက်ပေးခြင်း၊ အစာကြေဆေးနှင့်ရော၍ သောက်သုံးခြင်းဖြင့် သက်သာစေနိုင်သည်။

**အလိုကျူပင်**

အင်္ဂလိပ်အမည် - မတွေ့ရှိ

မျိုးရင်း - Gramineae (မြက်မျိုးရင်း)

ရုက္ခဗေဒအမည် - Arundodonax Linn;

**အဓိကဆေးဖက်ဝင်ပုံ**

ဆီးပူ၊ ဆီးအောင့်ရောဂါ၊ ညောင်းကျရောဂါ၊ ယားယံသောရောဂါ၊ ရာသီသွေးထိမ်ခြင်း၊ နှုတ်မမြိန်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ သွေးဝမ်းသွားခြင်း၊ အညောင်းအညာအကိုက်အခဲဖြစ်ခြင်းတို့အတွက် ဆေးဖက်ဝင်အသုံးပြုသည်။

❖ မြန်မာဆေးကျမ်းများအဆိုအရ အလိုကျူပင်သည် အေး၏။ ခါး၏။ ချို၏။ ဖန်၏။ ဝမ်းမီးကို တောက်စေ၏။ လေ၊ သလိပ်ကို ကြေစေ၍ သည်းခြေကို ပယ်တတ်၏။ သွေးဖောက်ပြန်ခြင်းကို ပျောက်ကင်းစေတတ်၏။ နှလုံး၊ ဆီးအိမ်၊ သားအိမ်တို့၌ပူခြင်း၊ နာကျင်ကိုက်ခဲခြင်းကို ပျောက်ကင်းစေတတ်၏။ ရေယုန်ရောဂါကို ပျောက်စေနိုင်၏။ နှုတ်ကို မြိန်စေသည်။ သုက်ကို ပွားစေသည်။ ဆီးကို စင်ကြယ်စေသည်။ အသက်ရှူအားကို ဖြစ်စေသည်။ ❖

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်သည်။ အမြင့်ပေ ၃၅၀၀ ထိ ပေါက်ရောက်သည်။ ဇန်းမော်၊ ကသာ၊ ပြင်ဦးလွင်၊ သရက်နယ်တို့တွင် အများဆုံးတွေ့ရသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အမြစ်အုံ၊ အရွက်။

**အပင်ပုံသဏ္ဌာန်**

အလိုကျူပင်သည် နှစ်ကြာခံမြက်ပင်မျိုးဖြစ်သည်။ ကျူပင်နှင့်တူသည်။ ၁၀ ပေထိမြင့်သည်။ မြေအောက်၌ အမြစ်အုံရှိသည်။ မြေပေါ်ပင်စည်သည် တစ်ဖြောင့်တည်းထွက်သည်။ ပင်စည်တွင် အခေါင်းရှိသည်။ ပင်စည်ချောမွတ်ပြီး အဆစ်များ၌ အဖြူရောင်အရစ်များရှိသည်။

အလိုကျူပင်၏အရွက်သည် ရွက်လွှဲထွက်သည်။ တစ်ပေမှ နှစ်ပေခန့်ထိရှည်သည်။ သေးသွယ်ရှည်လျားသောပုံသဏ္ဌာန်ရှိကာ အဖျားသို့ရှူးသွားပြီးအောက်သို့ ငိုက်ကျနေသည်။ ရွက်ပြားချောသည်။ ပင်စည်ကိုတင်းကျပ်စွာကုပ်ထားသော ရွက်အိမ်ရှိသည်။ ရွက်ရင်းပတ်လည်တွင် နူးညံ့သောအမွေးများရှိသည်။ ရွက်နားသည် ကြံရွက်ကဲ့သို့ ရှသည်။

အလိုကျူပင်၏အပွင့်သည် ပန်းခိုင်ပေါ်တွင် အညိုရောင်အပွင့်လေးများပွင့်သည်။ ပန်းပွင့်၌ ပွင့်ခံရွက်မာနှစ်ခုရှိသည်။ ငှက်တောင်ပုံ၊ လှံစွပ်ပုံရှိသည်။ ထိပ်ဘက်၌ အလွှန်သေးငယ်သောအသွားနှစ်ခုရှိသည်။ ကိုင်းပွင့်နှင့်တူသည်။

အလိုကျူပင်၏အမြစ်တွင် အမြစ်အုံရှိသည်။ မြစ်မြွှာဖြာထွက်သည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ အလိုကျူပင်သည် အေး၏။ ခါး၏။ ချို၏။ ဖန်၏။ ဝမ်းမီးကို တောက်စေ၏။ လေ၊ သလိပ်ကို ကြေစေ၍ သည်းခြေကိုပယ်တတ်၏။ သွေးဖောက်ပြန်ခြင်းကို ပျောက်ကင်းစေတတ်၏။ နှလုံး၊ ဆီးအိမ်၊ သားအိမ်တို့၌ပူခြင်း၊ နာကျင်ကိုက်ခဲခြင်းကို ပျောက်ကင်းစေတတ်၏။ ရေယုန်ရောဂါကို ပျောက်စေနိုင်၏။ နှုတ်ကိုမြိန်စေသည်။ သုက်ကိုပွားစေသည်။ ဆီးကို စင်ကြယ်စေသည်။ အသက်ရှူအားကို ဖြစ်စေသည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ဆီးအနည်ပါသောရောဂါ၊ ညောင်းကျရောဂါများဖြစ်ပါက အလိုကျူပင်၏ အမြစ်အုံကို ပြုတ်သောက်လျှင် ပျောက်ကင်းစေနိုင်၏။

၂။ အသားအရေယားယံသူများသည် အလိုကျူပင်၏အမြစ်အုံကို သွေးလိမ်းခြင်းဖြင့်ပျောက်ကင်းစေနိုင်သည်။

၃။ ဓမ္မတာသွေးထိမ်သူများသည် အလိုကျူပင်၏အမြစ်ကို ထန်းလျက်ဖြင့် ရောကျိုပြီး သုံးရက်ခန့်သောက်လျှင် ဓမ္မတာပေါ်စေနိုင်သည်။

၄။ ဆီးအောင့်ရောဂါဖြစ်လျှင် ကြွေပုပ်ကိုအမှုန့်ပြုပြီး အလိုကျူအမြစ်ပြုတ်ရည်တွင် ထည့်သောက်ပါက ပျောက်ကင်းစေနိုင်သည်။

၅။ အမျိုးသမီးများ မီးယပ်ဖြူဆင်းရောဂါဖြစ်ပါက အလိုကျူပင်၏အမြစ်ကို ဆန်ဆေးရည်တွင် နေ့တစ်ဝက်ခန့်စိမ်ထားပြီး သောက်သုံးပါက ပျောက်ကင်းစေနိုင်သည်။

၆။ ညောင်းညာကိုက်ခဲသူများသည် အလိုကျူပင်၏အရွက်ခြောက်ကို လက်ဖက်ခြောက်ကဲ့သို့ ရေနွေးခတ်သောက်ခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။ အလိုကျူ လက်ဖက်ခြောက်ရည်သည် ကာမအားကိုလည်း ဖြစ်စေသည်ဟုဆိုသည်။



၇။ ဆီးအောင့်ရောဂါ၊ ဆီးကျန်ရောဂါ၊ ဆီးနီ၊ ဆီးဝါရောဂါ၊ ဒူလာသွေးဝမ်း၊ မီးယပ်သွေးဝမ်းများအတွက် ဆေးဖော်လိုလျှင် အလိုကျူ ၁၀ ဆ၊ ကြွေပုပ် ငါးဆ၊ သိန္ဓော နှစ်ဆ၊ ဆင်နှာမောင်း ငါးဆ၊ လိပ်ကျောက်ဆူး တစ်ဆတို့ရော၍ အမှုန့်ကြိတ်ပြီး ဟင်းစားဇွန်းတစ်ဝက်ခန့် ရေအေး သို့မဟုတ် ပျားရည်နှင့် ရောစပ်သောက်ပေးပါက အဆိုပါရောဂါများ ပျောက်ကင်းစေပြီး လူကိုလည်း ကျန်းမာဝဖြိုးစေသည်။

## လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်းရောဂါနဲ့ အယ်လ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

## နိုင်ငံ့ဂုဏ်ပြု ယဉ်ကျေးမှု

- ယဉ်ကျေးမှုများ ပျောက်ကွယ်ပြီးက
တို့များလူမျိုး ဂုဏ်ရှိန်ညှိုး၍
အဘိုးအဘေး ဆင့်ကမ်းပေးသည့်
အလေးထားဖွယ် နိုင်ငံနယ်သည်
ပျောက်ကွယ်မှိန်ညှိုး တိုင်းခြားစိုးလိမ့်။

- သမိုင်းမတင် ရှေးယခင်မှ
စာတွင်မှတ်သား မြင့်မားသမိုင်း
ဆစ်ပိုင်းကာပြု ယဉ်ကျေးမှုမှာ
လူမှုဘဝ သဘာဝနှင့်
မျှတစွာတည် လိုက်လျောညီစွာ
ကြံစည်တွေးဆ တီထွင်ကြရင်း
မြို့ပြမှုသည် နိုင်ငံတည်ကာ
တို့ပြည်ထောင်စု တည်ထောင်ပြု၍
ယဉ်ကျေးမှုရှည် သမိုင်းတည်ခဲ့။

- နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှုတည့်
အနုအလှ သုခမပြင်
မြန်မာ့ဂုဏ်တိုး ပန်းဆယ်မျိုးနှင့်
အဖိုးတန်စွာ နုလက်ရာသည်
ပညာမြင့်မား မြန်မာများ၏
လေးစားစံပြု ယဉ်ကျေးမှုတည်း။

- အမျိုးဘာသာ သာသနာကို
ကာကွယ်ထိန်းပြု ယဉ်ကျေးမှုနှင့်
အနုပညာ စာပေဂီတ
သုခမကို မြန်မာ့ဂုဏ်ရည်
မွေးထုံကြည်ရေး အရှည်တွေး၍
အလေးထားကာ ထိန်းသိမ်းပါမှ
ကမ္ဘာ့အလယ် တင့်တယ်တည်။
မြန်မာ့ဂုဏ်ရယ် ဝင့်ထည်မည်။ ။

**မောင်လေးပြေ(တောင်တွင်း)**

## မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၆၆၄ ဧက စိုက်ပျိုးပြီးစီး

**မြောင်းမြ ဖေဖော်ဝါရီ ၂**



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၆၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံစုံ ၃၂၁၂၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဆောင်းသီးနှံစုံ ၁၄၆၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးစီးပြီဖြစ်သော ဆောင်းသီးနှံစုံ ၁၄၆၆၄ ဧကတွင် ဖူးစားပြောင်း ၂၆ ဧက၊ မြေပဲ ၆၂ ဧက၊ နှမ်းတစ်ဧက၊ နေကြာ ၄၀၅ ဧက၊ ပိုက်ဆန်လျှော် ဧက ၂၅၀၀၊ မတ်ပဲ ၉၁၆ ဧက၊ ပဲတီစိမ်း ၄၁၁၃ ဧက၊ ဝိုလ်ကီတ်ပဲဧက ၁၂၅၀၊ ဟင်းသီးဟင်းရွက် ၂၉၄၂ ဧက၊ ငရုတ် ဧက ၁၈၉၀ ဖြစ်ကြောင်းသိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ ဆောင်းသီးနှံစုံ ၃၂၁၂၈ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၄၆၆၄ ဧကစိုက်ပျိုးပြီးပါပြီ။ ဆောင်းသီးနှံတွေ အားလုံး အခက်အခဲမရှိလျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အဆိုပါ ဆောင်းသီးနှံများ ပိုးမွှားရောဂါ မကျရောက်စေရန်၊ ဖြစ်ထွန်းအောင်မြင်စေရန်၊ ဈေးကွက်ဝင်သီးနှံများဖြစ်စေရန်၊ ပိုးသတ်ဆေး စနစ်တကျအသုံးပြုတတ်စေရန်၊ ဓာတ်မြေဩဇာစနစ်တကျ ထည့်သွင်း အသုံးပြုတတ်စေရန်၊ အပင်အားဆေး စနစ်တကျအသုံးပြုတတ်စေရန်အတွက် တောင်သူ ပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပို့ချပေးလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ဇေယျာသီရိမြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေဖြင့် စည်ပင်ကြီးကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာတွင် ကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ရွာသစ်ကြီးကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်ကြရန် မှာကြားသည်။

ရွာသစ်ကြီးကျေးရွာ၌ အရှည် ၅ ဒသမ ၂၁၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ကုန်ထုတ်လမ်း မြေသားနှင့် ရိုစာခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေ ကျပ် ၅၃ ဒသမ ၇၂၈၃၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် MAEC Co.ltd; က ၂၀၂၃ ခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ရွာသစ်ကြီးကျေးရွာရှိ အိမ်ခြေ ၃၅၀၊ လူဦးရေ ၁၅၃၀ တို့၏ စိုက်ပျိုးမြေဧက ၁၅၀ ကျော်မှထွက်ရှိသော ဒေသထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**နော်လူး**

## ပေါင်မြို့နယ် ဥက္ကံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ပြန်လည်ရွေးချယ်

**ပေါင် ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥက္ကံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ပြန်လည်ရွေးချယ်ခြင်းကို ဖေဖော်ဝါရီ ၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်က ဥက္ကံကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များရွေးချယ်ရေး သတ်မှတ် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ဆန္ဒနှင့်အညီ ဥက္ကံကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပေါင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ယခုဘဏ္ဍာနှစ်ထိ ကျေးရွာပေါင်း ၁၃ ရွာတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဥက္ကံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**သုတ**

# နိုင်ငံတကာ သတင်းများ

## ကင်ညာ၌ ဓာတ်ငွေ့တင်ယာဉ်ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး သုံးဦးသေဆုံး၍ ဦးရေ ၂၇၀ ကျော်ဒဏ်ရာရရှိ

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၂**

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ယနေ့တွင် ဓာတ်ငွေ့တင်ယာဉ်ပေါက်ကွဲမီးလောင်ခဲ့ရာ အနည်းဆုံး လူသုံးဦး သေဆုံး၍ ဦးရေ ၂၇၀ ကျော် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်ငွေ့တင်ယာဉ် ပေါက်ကွဲမှုသည် နိုင်ရိုဘီမြို့ အမ်ဘာကာဆီရပ်ကွက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကင်ညာတာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

ဓာတ်ငွေ့တင်ယာဉ် ပေါက်ကွဲမီးလောင်မှုအတွင်း လူပေါင်း ၂၇၀ ကျော် ဒဏ်ရာများရရှိခဲ့ရာ သေဆုံးသူအရေအတွက် ထပ်တိုးလာနိုင်ကြောင်း ကင်ညာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဓာတ်ငွေ့တင်ယာဉ်ပေါက်ကွဲမှုကြောင့် အနီးအနားရှိ ချည်မျှင်နှင့် အထည်စက်ရုံ တစ်ရုံလည်း မီးလောင်ခဲ့ရသလို မော်တော်ယာဉ်အများအပြားလည်း ပျက်စီးခဲ့ရသည်။

ထို့နည်းတူ ဓာတ်ငွေ့တင်ယာဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နေရာအနီးရှိ လူနေအိမ်များနှင့် ဈေးဆိုင်များလည်း မီးလောင်ပျက်စီးခဲ့ရသည်။

လက်ရှိအချိန်တွင် ကင်ညာတာဝန်ရှိသူများသည် ဓာတ်ငွေ့တင်ယာဉ်ပေါက်ကွဲမှု အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေး ဖိတ်ကြားချက် ဆော်ဒီစဉ်းစားနေဆဲဖြစ်

**ရိုယာ့ဒ် ဖေဖော်ဝါရီ ၂**

ဘရစ်အုပ်စု (ဘီအာရ်အိုင်စီအက်စ်)၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေး ဖိတ်ကြားချက်ကို ဆော်ဒီအာရေဗျက စဉ်းစားသုံးသပ်နေဆဲဖြစ်ပြီး အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိသေးကြောင်း ဆော်ဒီအာရေဗျအစိုးရသတင်း အရင်းအမြစ်များက ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ဆော်ဒီအာရေဗျက အတည်ပြုလက်ခံထားပြီးဖြစ်ကြောင်း တောင်အာဖရိက နိုင်ငံခြားရေးဝန်ကြီးနာလီဒီပင်ဒေါက ပြောကြားခဲ့ပြီးနောက် ဆော်ဒီအစိုးရသတင်း အရင်းအမြစ်များ၏ တုံ့ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဆော်ဒီအာရေဗျနိုင်ငံသည် ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးဖိတ်ကြားချက်ကို လေ့လာဆန်းစစ်နေဆဲဖြစ်ပြီး တရားဝင်တုံ့ပြန်ရသေးခြင်းမရှိကြောင်း ဆော်ဒီသတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ဘရစ်အုပ်စုကို စီးပွားရေးအင်အားကြီး နိုင်ငံသစ်များဖြစ်ကြသော ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တောင်အာဖရိက၊ တရုတ်နိုင်ငံတို့နှင့်စုဖွဲ့ထားသည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း တောင်အာဖရိက၌ ကျင်းပခဲ့သည့် ထိပ်သီးညီလာခံတွင် ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်၊ အာဂျင်တီးနား၊ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နှင့် ဆော်ဒီအာရေဗျတို့ကို ဘရစ်အုပ်စုက ဖိတ်ခေါ်ထားသည်။

အဆိုပါ နိုင်ငံခြောက်နိုင်ငံအနက် ဆော်ဒီ၊ အီရန်၊ အီဂျစ်၊ အီသီယိုးပီးယားနှင့် ယူအေအီးနိုင်ငံတို့က ဘရစ်အုပ်စု၏ဖိတ်ခေါ်ချက်ကို လက်ခံအတည်ပြုထားသည်ဟု တောင်အာဖရိက နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီရန်အပေါ် ဗိုလ်ကျလာပါက ပြင်းပြင်းထန်ထန်တုံ့ပြန်မည်ဟု အီရန်သမ္မတရိုင်စီ သတိပေး



**တီဟီရန် ဖေဖော်ဝါရီ ၂**

အီရန်နိုင်ငံအနေဖြင့် စစ်ပွဲတစ်ပွဲကို စတင်လိမ့်မည်မဟုတ်ကြောင်း၊ သို့သော် အီရန်အပေါ် ဗိုလ်ကျလာပါက ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဖြစ်ကြောင်းအီရန်သမ္မတ အက်ဘရာဟင်ရိုင်စီက ယနေ့တွင် သတိပေးလိုက်သည်။

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့ရှိ အီရန်ပစ်မှတ်များကိုတိုက်ခိုက်ရန်စီစဉ်ထားကြောင်း အမေရိကန်အစိုးရက ကြေညာထားချိန်တွင် အီရန်သမ္မတ၏ အဆိုပါသတိပေးချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်ကျောထောက်နောက်ခံပြု စစ်သွေးကြွအုပ်စုတစ်စု၏မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် ဂျော်ဒန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံက မည်သို့တုံ့ပြန်မည်ဆိုသည့်အချက်နှင့်ပတ်သက်၍ ယခုရက်သတ္တပတ်အတွင်းထင်ကြေးအမျိုးမျိုးပေါ်ထွက်ခဲ့ရသည်။

အမေရိကန်နိုင်ငံအနေဖြင့် အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့ရှိ အီရန်ပစ်မှတ်များအပါအဝင် ပစ်မှတ်အများအပြားအား တိုက်ခိုက်ရေးအစီအစဉ်များကိုအမေရိကန်အစိုးရက အတည်ပြုထားကြောင်း အမေရိကန်မီဒီယာများ၏အဆိုအရ သိရသည်။

သို့သော် အီရန်နိုင်ငံအနေဖြင့် စစ်ပွဲကို စတင်မည်မဟုတ်သော်လည်း ဗိုလ်ကျခံရပါက ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်သမ္မတရိုင်စီက ယနေ့ရုပ်သံမိန့်ခွန်း၌ သတိပေးခဲ့သည်။

ဇန်နဝါရီ ၂၈ ရက်တွင်ဖြစ်ပွားခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး၍ ၃၄ ဦးဒဏ်ရာရခဲ့သော မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုအတွက် စစ်သွေးကြွများသုံးခဲ့သည့် လေယာဉ်မှာ အီရန်နိုင်ငံထုတ် မောင်းသူမဲ့လေယာဉ်အမျိုးအစားဖြစ်သည်ဟု အမေရိကန်စစ်ဘက်က သုံးသပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း ကုန်ထုတ်လုပ်သည့်စက်ရုံ၌ စက်ရုံဝန်ထမ်းများအား ဓားစာခံအဖြစ်ဖမ်းဆီးထားသော လက်နက်ကိုင်အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့ဖမ်းဆီးထိန်းသိမ်း

**အင်ကာရာ ဖေဖော်ဝါရီ ၂**

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း ကုန်ထုတ်လုပ်သည့် စက်ရုံတစ်ရုံ၌ စက်ရုံဝန်ထမ်းများအား ဓားစာခံအဖြစ် ဖမ်းဆီးထားသောလက်နက်ကိုင်အမျိုးသား တစ်ဦးကိုတူကီယဲရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း တူကီယဲမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါလက်နက်ကိုင် အမျိုးသားသည် အစ္စရေး၏ ဂါဇာစစ်ပွဲကို ကန့်ကွက်ဆန္ဒပြသည့် အနေဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် စက်ရုံအတွင်းဝင်ရောက်၍စက်ရုံဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးထားခြင်းဖြစ်သည်။

သို့သော် တူကီယဲရဲတပ်ဖွဲ့သည် စက်ရုံအတွင်း ဝင်ရောက်စီးနင်း၍ အဆိုပါလက်နက်ကိုင်အမျိုးသားကို ဖမ်းဆီးထိန်းသိမ်းခဲ့ရာ ဓားစာခံခုနစ်ဦး ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

စက်ရုံဝန်ထမ်းများအား ဓားစာခံအဖြစ်ဖမ်းဆီးခဲ့သော လက်နက်ကိုင်အမျိုးသားမှာ ယင်းစက်ရုံ၏ ဝန်ထမ်းတစ်ဦးဖြစ်ခဲ့ပြီး ဂါဇာစစ်ပွဲကို အများအာရုံ စိုက်လာစေရေးအတွက် စက်ရုံဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း တူကီယဲတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မူလက တူကီယဲရဲတပ်ဖွဲ့ဝင်များသည် လက်နက်ကိုင်အမျိုးသားနှင့် ညှိနှိုင်းရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ကြောင်း သိရသည်။

ဆွေးနွေးညှိနှိုင်းရန် ကြိုးပမ်းမှုများပျက်ပြားခဲ့ရပြီးနောက် တူကီယဲရဲတပ်ဖွဲ့က စက်ရုံကိုဝင်ရောက်စီးနင်း၍ လက်နက်ကိုင်အမျိုးသားကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရွေးကောက်ပွဲတွင် အကျဉ်းသားဦးရေ ၁၀၀၀၀၀ ထိ ပါဝင်မဲပေးနိုင်ရန် တောင်အာဖရိကတာဝန်ရှိသူများ အကျဉ်းထောင်များ၌ စာရင်းကောက်ခံ

**ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၂**

ယခုနှစ် အမျိုးသားရွေးကောက်ပွဲ၌ အကျဉ်းသား အနည်းဆုံး ၁၀၀၀၀၀ ပါဝင်မဲပေးခွင့်ရရေးအတွက် တောင်အာဖရိက ရွေးကောက်ပွဲကော်မရှင်များသည်နိုင်ငံတစ်ဝန်း အကျဉ်းထောင်များသို့ လှည့်လည်သွားရောက်၍ မဲဆန္ဒရှင် အကျဉ်းသားစာရင်း ကောက်ခံနေကြောင်း ယနေ့သတင်းများအရ သိရသည်။




တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရွယ်ရောက်ပြည်သူတိုင်းကို ရွေးကောက်ပွဲများ၌ပါဝင်မဲပေးခွင့်ပြုထားရာ အကျဉ်းထောင်များအတွင်းရှိ အကျဉ်းသားများလည်း အကျုံးဝင်သည်။

အာဖရိကနိုင်ငံ အများစုတွင် ထောင်ဒဏ်ကျ အကျဉ်းသားများအနေဖြင့် ရွေးကောက်ပွဲများ၌ ပါဝင်မဲပေးခွင့်မရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် တောင်အာဖရိက ရွေးကောက်ပွဲကော်မရှင်သည် ယခုနှစ် အမျိုးသားရွေးကောက်ပွဲ၌ အကျဉ်းသားများ မဲပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းအကျဉ်းထောင်ပေါင်း ၂၄၀တို့၌ မဲဆန္ဒရှင်အကျဉ်းသားအနည်းဆုံး ၁၀၀၀၀၀ထိ ရရှိရန် စာရင်းကောက်ခံလျက်ရှိသည်။

၂၀၁၉ ခုနှစ် တောင်အာဖရိက အမျိုးသား ရွေးကောက်ပွဲတွင် အကျဉ်းသားဦးရေ ၁၅၀၀၀ထိပါဝင်မဲပေးခဲ့ကြသည်။

တောင်အာဖရိက၏ ယခုနှစ် အမျိုးသား ရွေးကောက်ပွဲများကို မေလနှင့် ဩဂုတ်လကြား တစ်ချိန်ချိန်တွင် ကျင်းပဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နော့သ်ရော့ဂရုမင်းကုမ္ပဏီ၏ ဆိုက်ဂနက်အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

နော့သ်ရော့ဂရုမင်းကုမ္ပဏီ၏ ဆိုက်ဂနက် အာကာသကုန်တင်ယာဉ်သည် ယနေ့တွင် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

နော့သ်ရော့ဂရုမင်း ကုမ္ပဏီသည် ဆိုက်ဂနက်အာကာသကုန်တင်ယာဉ်ကို ဇန်နဝါရီ ၃၀ ရက်က Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဆိုက်ဂနက်အာကာသကုန်တင်ယာဉ်သည် နာရီပေါင်း ၄၀ ကြာ ပျံသန်းခဲ့ပြီးနောက် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့ပြီးနောက် နိုင်ငံတကာ အာကာသစခန်းယာဉ်၏ စက်ရုပ်လက်တံအကူအညီဖြင့် အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ဆိုက်ဂနက်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်ရှိ အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် သိပ္ပံပညာဆိုင်ရာ ပစ္စည်းကိရိယာစုစုပေါင်း ကီလိုဂရမ် ၃၇၂၀ ထိ သယ်ဆောင်ထားကြောင်း သိရသည်။

ဆိုက်ဂနက် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာထိ ဆက်လက်ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ရှေးခေတ် အာကာသတွင်းနက်တချို့ကြောင့် ကမ္ဘာဂြိုဟ်၏နေပတ်လမ်း အပြောင်းအလဲဖြစ်နေ


**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

ရှေးခေတ် အာကာသတွင်းနက်တချို့ကြောင့် ကမ္ဘာဂြိုဟ်၏နေပတ်လမ်းအပြောင်းအလဲဖြစ်နေရကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားသည်။

စကြဝဠာအတွင်း အစောဆုံး ပေါ်ထွက်ခဲ့သည့် အာကာသတွင်းနက်များသည် အနည်းဆုံး ၁၀ နှစ်လျှင် တစ်ကြိမ်မျှ နေအဖွဲ့အစည်းကို ဖြတ်ကျော်လေ့ရှိကြောင်း အမေရိကန်နိုင်ငံ မက်ဆာချူးဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ စကြဝဠာခေတ်ဦး အာကာသ တွင်းနက်များသည် အရွယ်အစားအားဖြင့် အဏုဇီဝပိုးတစ်ကောင်၏ အရွယ်အစားမျှသာရှိသော်လည်း သိပ်သည်းဆမှာ ဂြိုဟ်များ၏ နေပတ်လမ်းကိုယိမ်းခါသွားစေနိုင်လောက်အောင်ကြီးမားကြောင်း သိရသည်။

စကြဝဠာခေတ်ဦး အာကာသတွင်းနက်များသည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားပြီးနောက် ပေါ်ထွက်လာသည့်အာကာသတွင်းနက်များ ဖြစ်ကြသည်။



အဆိုပါ စကြဝဠာခေတ်ဦး အာကာသ တွင်းနက်များသည် ဟိုက်ဒရိုဂျင် မော်လီကျူးတစ်လုံးစာ အရွယ်အစားရှိသော်လည်း ကမ္ဘာမြေနှင့်နီးကပ်ခဲ့ပါက ကမ္ဘာဂြိုဟ်တစ်ခုလုံးကို ဝါးမျိုပစ်နိုင်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက သီအိုရီသဘောအရ တွက်ချက်ထားကြောင်း သိရသည်။

စကြဝဠာခေတ်ဦး အာကာသတွင်းနက်များသည် နေကို နေနှင့်ကမ္ဘာကြား အကွာအဝေးထက်အဆနှစ်ပြန်ကွာဝေးသည့်နေရာမှ ဖြတ်သန်းခဲ့လျှင် နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များ၏ နေပတ်လမ်းများမှာ ပေအနည်းငယ်ထိ ယိမ်းခါသွားနိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တီယန်ကောင်းအာကာသစခန်း၏ တီယန်ဟီပင်မကိုယ်ထည် ကမ္ဘာပတ်လမ်းကြောင်းပေါ်ရောက်ရှိချိန် ရက်ပေါင်း ၁၀၀၀ ကျော်လွန်ခဲ့

**ပေကျင်း ဖေဖော်ဝါရီ ၂**

တီယန်ကောင်း အာကာသစခန်း၏ ပင်မကိုယ်ထည်ဖြစ်သော တီယန်ဟီ ပင်မကိုယ်ထည်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်ရောက်ရှိချိန် ရက်ပေါင်း ၁၀၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံသည် ကိုယ်ထည်အလျား ၅၄ ပေ ရှည်လျားသော တီယန်ဟီပင်မကိုယ်ထည်ကို ၂၀၂၁ ခုနှစ် ဧပြီ ၂၉ ရက်က လောင်းမတ်ချ်-၅ ဘီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ဇန်နဝါရီ ၂၄ ရက်တွင် တီယန်ဟီအာကာသစခန်းပင်မကိုယ်ထည်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်ရောက်ရှိချိန် ရက်ပေါင်း ၁၀၀၀ ကို စတင်ကျော်ဖြတ်ခဲ့ကြောင်း သိရသည်။

နောက်ပိုင်းတွင် တရုတ်နိုင်ငံသည် ဝန်တီယန်နှင့် မင်တီယန် ပင်မကိုယ်ထည်များကို လွှတ်တင်၍ တီယန်ဟီ ပင်မကိုယ်ထည်နှင့် ချိတ်ဆက်ပေးခဲ့ရာ အင်္ဂလိပ်အက္ခရာ တီပုံသဏ္ဍာန် တီယန်ကောင်း အာကာသစခန်း ဖြစ်လာခဲ့ရကြောင်း သိရသည်။

တရုတ် အာကာသအေဂျင်စီသည် တီယန်ကောင်း အာကာသစခန်းကို အနည်းဆုံး ၁၀ နှစ်ကြာ အသုံးပြုနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

လက်ရှိတွင် တီယန်ကောင်း အာကာသစခန်းယာဉ်ပေါ်၌ အာကာသယာဉ်မှူး သုံးဦး တာဝန်ထမ်းဆောင်နေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## လေဖြတ်သူများ လေဖြတ်ထားပြီးတစ်နှစ်အတွင်း Dementia ဖြစ်နိုင်ခြေ မြင့်တက်နိုင်

**အော့တဝါ ဖေဖော်ဝါရီ ၂**

လေဖြတ်ထားပြီးနောက်ပိုင်း ပထမဆုံးနှစ် တစ်နှစ်တာကာလအတွင်း လေဖြတ်လူနာများ၌ Dementia ရောဂါ ဖြစ်နိုင်ခြေမှာ ပုံမှန်ထက် သုံးဆမြင့်တက်လာနိုင်ကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

လေဖြတ်ပြီးနောက်ပိုင်း တစ်နှစ်အတွင်း Dementia ရောဂါဖြစ်ပွားနိုင်ခြေမြင့်တက်မှုသည် နောက်ပိုင်းတွင် တဖြည်းဖြည်းပြန်လည်ကျဆင်းမည်ဖြစ်သော်လည်း လေမဖြတ်မီကာလအဆင့်သို့ ပြန်ရောက်တော့မည်မဟုတ်ကြောင်း ကနေဒါနိုင်ငံ မက်မာစတာတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

Dementia ရောဂါသည် ရောဂါဖြစ်ရခြင်းအကြောင်းတရားကို တိတိကျကျ မသိရသေးသော ဦးနှောက်စွမ်းဆောင်ရည် ကျဆင်းမှုရောဂါပုံစံဖြစ်သည်။

ကနေဒါ သုတေသနပညာရှင်များသည် လူပေါင်း ၁၈၁၀၀၀ ခန့်၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လေဖြတ်ထားသူများတွင် လေဖြတ်ပြီးနောက်ပိုင်း Dementia ဖြစ်နိုင်ခြေမှာ ပုံမှန်ထက် သုံးဆမြင့်တက်လာနိုင်ကြောင်း ကနေဒါ သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ပါ De-mentia ဖြစ်နိုင်ခြေမှာ နောင်ငါးနှစ်အတွင်း ၁ ဒသမ ၅ ဆသို့ပြန်လည်ကျဆင်းသွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## စိတ်ကစဉ့်ကလျားလူနာများ ကုသရာတွင် ထိုးဆေးက သောက်ဆေးထက် ပိုထိရောက်

**နယူးယောက် ဖေဖော်ဝါရီ ၂**

ဆေးရုံတက်နေရသည့် စိတ်ကစဉ့်ကလျားရောဂါလူနာများကို ကုသရာတွင် ထိုးဆေးများ၏အာနိသင်သည် သောက်ဆေးများ၏ အာနိသင်ထက် ပို၍ထိရောက်မှုရှိကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ရပ်ဂျားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဆေးရုံတက်နေသည့် စိတ်ကစဉ့်ကလျားဝေဒနာသည်များအတွက် အသုံးပြုသော ထိုးဆေးနှင့် စားဆေးများ၏ အာနိသင်ကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ထိုးဆေးများသည် စိတ်ကစဉ့်ကလျား ဝေဒနာသည်များ ဆေးရုံပြန်လည်တက်ရနိုင်ခြေကို လျှော့ချရာတွင် သောက်ဆေးများထက် ၇၅ ရာခိုင်နှုန်း ပိုမိုထိရောက်မှုရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ကစဉ့်ကလျားရောဂါ ထိုးဆေးများသည် သီတင်းနှစ်ပတ်မှ ခြောက်လထိ အဆက်မပြတ်ထိုးနှံရန်လိုအပ်သော စိတ်ရောဂါဆေးများဖြစ်ကြသည်။

အမေရိကန် သုတေသနပညာရှင်များသည် စိတ်ကစဉ့်ကလျားရောဂါ လူနာ ၃၄၃ ဦးတို့၏ ဆေးရုံတက်ရမှုနှုန်းများကို နှိုင်းယှဉ်လေ့လာပြီးနောက် ထိုးဆေးနှင့် သောက်ဆေးများကြား အာနိသင်ကွာခြားမှုကို ဖော်ထုတ်တင်ပြခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် စိတ်ကစဉ့်ကလျားဝေဒနာရှင် အတော်များများမှာ ဆေးထိုးအပ် ကြောက်လန့်မှုနှင့် ထိုးဆေးများ၏ ကုန်ကျစရိတ်တို့ကြောင့် သောက်ဆေးကိုသာရွေးချယ်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်များ

ML

**မန်ယူ Vs ဝက်စ်ဟမ်း**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၄ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝက်စ်ဟမ်း ၂ - ၀ မန်ယူ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | – | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(နိုင်) |
| ဝက်စ်ဟမ်း | – | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |

မန်ယူအသင်းဟာ နောက်ဆုံးလေးပွဲဆက်ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းက သွင်းဂိုး ၁၂ ဂိုးထိသွင်းယူနိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းကတော့ ပေးဂိုးများနေဆဲဖြစ်ပါတယ်။ လက်ရှိ ဝက်စ်ဟမ်းအသင်းကတော့ အသင်းကြီးတွေနဲ့ဆို ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်ကနေ ဂိုးရယူလေ့ရှိတာကြောင့် အခုပွဲစဉ်မှာ ရမှတ်ခွဲယူဖို့ကြိုးစားလာမှာပါ။ ဒါကြောင့် ခံစစ်အားပြုကစားလာမဲ့ ဝက်စ်ဟမ်းအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – မန်ယူ ၂ – ၂ ဝက်စ်ဟမ်း**

**ချဲလ်ဆီး Vs ဝုဗ်**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၄ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဗ် ၂ – ၁ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | – | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဝုဗ် | – | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |

ချဲလ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ လီဗာပူးကိုဂိုးပြတ်ရှုံးခဲ့ပေမဲ့ အိမ်ကွင်းနောက်ဆုံးသုံးပွဲဆက် ရလဒ်ကောင်းခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ ရမှတ်ပြန်ရှာဖို့ကြိုးစားလာမှာပါ။ ဝုဗ်အသင်းအနေနဲ့ အသင်းလိုက်ကစားပုံကောင်းပေမဲ့ အသင်းကြီးတွေနဲ့ဆို ရှုန်းကန်နေရတာဖြစ်ပါတယ်။ ဒါကြောင့် ချဲလ်ဆီးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ချဲလ်ဆီး ၂ – ၁ ဝုဗ်**

## အီတလီစီးရီးအေ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

ML

**အင်တာမီလန် Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၅-၂-၂၀၂၄ (နံနက် ၀၂း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၁ – ၁ အင်တာမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | – | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| ဂျူဗင်တပ် | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

အင်တာမီလန်အသင်းဟာ အသင်းလိုက်ကစားပုံကောင်းတာကြောင့် အခုပွဲစဉ်မှာ ရလဒ်ကောင်းရှာဖွေပြီး အမှတ်ပေးဇယားကို ဦးဆောင်အုံးမှာ သေချာပါတယ်။ ဂျူဗင်တပ်အသင်းကတော့ အဓိက ကစားသမားခြောက်ဦးထိ ဒဏ်ရာရနေလို့ အခုပွဲစဉ်မှာရုန်းကန်ရဖို့များပါတယ်။ ဒါကြောင့် တိုက်စစ်ကစားပုံကောင်းနေတဲ့ အင်တာမီလန်နဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – အင်တာမီလန် ၂ – ၁ ဂျူဗင်တပ်**

### အားကစားသတင်း အတိုအထွာများ

- ဇန်နဝါရီအပြောင်းအရွှေ့နောက်ဆုံးရက်တွင် နော်တင်ဟမ်အသင်းက အသင်းမှ မန်ဂါလာကို လိုင်ယွန်အသင်းနှင့် ဟိုဗက်သ်ကို ကာဒစ်အသင်းသို့အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- အသင်းလက်မဲ့ဖြစ်နေသည့် မန်ယူအသင်းကစားသမားဟောင်း လင်းဂတ်အနေဖြင့် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် တောင်ကိုရီးယားကလပ်အသင်း တစ်သင်းသို့ပြောင်းရွှေ့သွားခဲ့သည်။
- ဗီလာရီးရဲလ်အသင်းက အေဗီလာအသင်းမှ တောင်ပံကစားသမားဘာထရန်ထရာအိုရေးကိုခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

## တိုက်စစ်မှူးအီကီတိုက်ကို ဖရန့်ဖတ်အသင်း အငှားစာချုပ်ဖြင့်ခေါ်ယူ




**လန်ဒန် ဖေဖော်ဝါရီ ၂**

ဖရန့်ဖတ်အသင်းသည် အပြောင်းအရွှေ့မပိတ်သိမ်းမီ နောက်ဆုံးအချိန်တွင် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူးအီကီတိုက်ကို ရာသီဝက် အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး တိုက်စစ်ပိုင်း လိုအပ်ချက်ကို ဖြည့်ဆည်းခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး အီကီတိုက်၏ အငှားစာချုပ်တွင် စာချုပ်သက်တမ်းကုန်ဆုံးပါက ဖရန့်ဖတ်အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် အပြီးသတ်ဝယ်ယူနိုင်မည့် သဘောတူညီချက်ပါရှိခဲ့သည်။

ဖရန့်ဖတ်အသင်း အားကစားဒါရိုက်တာကိုစ်ရှီက "အီကီတိုက်ဟာ ဥရောပရဲ့အကောင်းဆုံးလူငယ်ကစားသမားတွေထဲကတစ်ယောက်ပါ။သူဟာ အနာဂတ်မှာထွန်းတောက်လာမဲ့ ကစားသမားလဲဖြစ်ပါတယ်။ ဒါကြောင့် အသင်းအနေနဲ့ လာမဲ့နွေရာသီမှာလဲ အပြီးသတ်ခေါ်ယူနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူး အီကီတိုက်သည် ၂၀၂၂ ခုနှစ် ဇူလိုင်လက ရိမ်းအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့်လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုထားသော်လည်း ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရကာ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံတွင် လူစားဝင် ကစားသမားအဖြစ်သာ ပါဝင်ကစားခဲ့ရပြီး အသင်းနှင့်ပြိုင်ပွဲစုံ ၃၃ ပွဲတွင် သွင်းဂိုး လေးဂိုးသာ သွင်းယူနိုင်ခဲ့သည်။

ဖရန့်ဖတ်အသင်းသည် ပြီးခဲ့သည့် နွေရာသီက တိုက်စစ်မှူး မူအာနီကို ပီအက်စ်ဂျီအသင်းသို့ ယူရို ၉၅ သန်းဖြင့် ရောင်းချခဲ့ပြီးနောက် တိုက်စစ်ပိုင်းတွင်ဂိုးရရှိရန် ရုန်းကန်ခဲ့ရသဖြင့် ယခုအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဂျီအသင်းမှ အီကီတိုက်ကို အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

## Open Sud de France တင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်သို့ ဒိန်းမတ်ကစားသမား ဟိုလ်ဂါရူနီ တက်ရောက်

**မောင့်ပယ်လီယာ ဖေဖော်ဝါရီ ၂**

ပြင်သစ်နိုင်ငံ မောင့်ပယ်လီယာမြို့တွင် ကျင်းပနေသည့် Open Sud de France တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဒိန်းမတ် တင်းနစ်ကစားသမား ဟိုလ်ဂါရူနီနှင့် စပိန်တင်းနစ်ကစားသမား လာမက်စ်ရှဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟိုလ်ဂါရူနီက (၇-၅၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟိုလ်ဂါရူနီသည် ပထမပွဲငယ်တွင်သာ ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဟိုလ်ဂါရူနီသည် နိုင်ခြေအဆင့် (၁)အဖြစ် သတ်မှတ်ခံထားရသလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန်လည်း ရေပန်းစားနေသူဖြစ်သည်။

နည်းပြအပြောင်းအလဲပြုလုပ်ထားသည့် ဟိုလ်ဂါရူနီအနေဖြင့် ရေပန်းစားနေသည့်အတိုင်း ချန်ပီယံလက်စွမ်းမျိုးပြသနိုင်ခဲ့ပြီး လာမက်စ်ရှဇ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် Hard Court ကွင်းတွင် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ကစားခဲ့ဖူးခြင်းဖြစ်ပြီး ပထမအဆင့်တွင် ကမ္ဘာ့အဆင့် (၇)နေရာ၌ ရပ်တည်ခဲ့ဖူးသည့် ပြင်သစ် တင်းနစ်ကစားသမား ရစ်ချက်ဂတ်စကွက်ကိုအနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဟိုလ်ဂါရူနီက "ပြိုင်ပွဲဆိုတဲ့အတိုင်း အခက်အခဲတွေတော့ရှိပါတယ်။ အထူးသဖြင့် ပထမပွဲငယ်မှာ ကစားရတာ တော်တော်လေးခက်ခဲတယ်။ လာမက်စ်ရှဇ်ကစားသွားတာ အရမ်းကောင်းတယ်။သူ့ကစားဟန်က ပေါ့ပါးတယ်။ မောင့်ပယ်လီယာမှာ ကစားရတာကိုလဲ သဘောကျတယ်။ မောင့်ပယ်လီယာရဲ့ပတ်ဝန်းကျင်ကို သဘောကျတယ်။ ပထမပွဲငယ်မှာအနိုင်ရတာ စိတ်ဓာတ်ပိုင်းဆိုင်ရာက အဓိကကျခဲ့တယ်။ ပင်ပန်းခဲ့ပေမဲ့လဲ နိုင်ပွဲရရှိခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

ဟိုလ်ဂါရူနီသည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမားမိုက်ကယ်မို့ဟ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



## ယခုအပြောင်းအရွှေ့တွင် ကစားသမားသစ်ခေါ်ယူရန်ပြင်ဆင်ခဲ့သည့် ချဲလ်ဆီးအသင်း အသင်းမှကစားသမားနှစ်ဦး လက်လွှတ်ခဲ့ရ

**လန်ဒန် ဖေဖော်ဝါရီ ၂**

ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်သုံးဦးထိခေါ်ယူရန်ပြင်ဆင်ခဲ့သည့် ချဲလ်ဆီးအသင်းအနေဖြင့် ကစားသမားသစ်ခေါ်ယူနိုင်ခြင်း မရှိခဲ့သော်လည်း အပြောင်းအရွှေ့နောက်ဆုံးချိန်တွင် အသင်းမှ ကစားသမား နှစ်ဦးထိ လက်လွှတ်ခဲ့ရသည်။

နည်းပြ ပိုချက်တီနိုအနေဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ဘယ်တောင်ပံခံစစ်ကစားသမား တစ်ဦး၊ ဂိုးသမား တစ်ဦးနှင့် တိုက်စစ်ကစားသမား တစ်ဦး ခေါ်ယူရန်ပြင်ဆင်ခဲ့ပြီး အသင်းလူစာရင်းကို ထပ်မံဖြည့်တင်းရန် ဆန္ဒရှိခဲ့သော်လည်း ခေါ်ယူနိုင်ခြင်းမရှိခဲ့ဘဲ အသင်းမှ တိုက်စစ်မှူး ဘရိုဂျာနှင့် လူငယ်ကစားသမား ဆန်းတိုစ်တို့ကိုသာ အငှားစာချုပ်ဖြင့် ခွင့်ပြုခဲ့ရကြောင်း သိရသည်။

အပြောင်းအရွှေ့နောက်ဆုံးချိန်တွင် တိုက်စစ်မှူး ဘရိုဂျာသည် ဖူလ်ဟမ်အသင်းသို့ လည်းကောင်း၊ ဆန်းတိုစ်သည် စထရာဘော့စ် အသင်းသို့လည်းကောင်း အငှားစာချုပ်များဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် အမှတ်ပေးပွဲ ၂၂ ပွဲကစားအပြီးတွင် ရမှတ် ၃၁ မှတ်သာရရှိခဲ့သဖြင့် အဆင့်(၁၀)သို့ရောက်ရှိခဲ့ပြီး ဥရောပဝင်ခွင့်ရရှိရန် ရုန်းကန်ခဲ့ရသဖြင့် နည်းပြပိုချက်တီနိုက ဒဏ်ရာရရှိနေသည့် ဂိုးသမား ဆန်းချက်၏နေရာနှင့် ဘယ်တောင်ပံကစားသမား ဘန်ချီဝဲလ်၊ တိုက်စစ်မှူး ဂျက်ဆန်တို့၏နေရာတွင် အစားထိုးနိုင်မည့် ကစားသမား သုံးဦးခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း အသင်းပိုင်ရှင် တော့ဘိုလီအနေဖြင့် ပြောင်းရွှေ့ကြေး အသုံးစရိတ် တစ်ဘီလီယံကျော် အသုံးပြုထားသောကြောင့် ဝင်ငွေထွက်ငွေ စည်းမျဉ်းနှင့် ကိုက်ညီစေရန်အတွက် ကစားသမားသစ်ခေါ်ယူခဲ့ခြင်းမရှိခဲ့သဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့တွင် ကစားသမားသစ် ရောက်ရှိခဲ့ခြင်း မရှိကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# မန်ယူအသင်းသမိုင်းတစ်လျှောက် နှစ်ပွဲဆက် သွင်းဂိုးနှင့်ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ဟိုက်လန်း မှတ်တမ်းဝင်



**မန်ချက်စတာ ဖေဖော်ဝါရီ ၂**

မန်ယူအသင်း လူငယ်တိုက်စစ်မှူး ဟိုက်လန်းသည် ဝုဗ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ကိုယ်တိုင်တစ်ဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ဂိုးဖန်တီးမှုပါပြုလုပ်နိုင်ခဲ့ပြီးနောက် မန်ယူအသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲဆက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဟိုက်လန်းသည် ဇန်နဝါရီ ၁၄ ရက်က ကစားခဲ့သည့် စပါးအသင်းနှင့်မန်ယူအသင်းတို့ နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် သုံးမိနစ်၌ အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ပွဲချိန် မိနစ် ၄၀ တွင် သွင်းယူခဲ့သည့် ရက်ရှ်ဖို့ဒ်၏သွင်းဂိုးကိုလည်း ဖန်တီးမှုပြုလုပ်နိုင်ခဲ့သည်။

အလားတူ မန်ယူအသင်းက ဝုဗ်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင်လည်း ပွဲချိန် ၄၈မိနစ်၌ သွင်းယူခဲ့သည့် ရက်ရှ်ဖို့ဒ်၏သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့သကဲ့သို့ ပွဲချိန် ၂၂ မိနစ်တွင်လည်း ကိုယ်တိုင်တစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပွဲစဉ် နှစ်ပွဲဆက် ကိုယ်တိုင်ဂိုးသွင်းပြီး ဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် စီရော်နယ်ဒိုကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲဆက် သွင်းဂိုးနှင့်ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ဟိုက်လန်းမတိုင်မီက စီရော်နယ်ဒိုက ၂၀ နှစ်ဖြင့်ရပ်တည်လျက်ရှိနေပြီး ယခုအခါ ဟိုက်လန်းက အသက် ၂၀ သာရှိသေးသည့်အတွက် စီရော်နယ်ဒိုကိုကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# လီဗာပူးအသင်းတိုက်စစ်မှူးဒါဝင်နူနက် ခြေထောက်ဒဏ်ရာကြောင့် အာဆင်နယ်အသင်းနှင့်ကစားမည့်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂**

လီဗာပူးအသင်းအဓိကတိုက်စစ်မှူး ဒါဝင်နူနက်သည် လီဗာပူးအသင်းက ချဲလ်ဆီးအသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ခြေထောက်ဒဏ်ရာရရှိခဲ့မှုကြောင့် အာဆင်နယ်အသင်းနှင့် ကစားမည့်ပွဲစဉ်ကို လွဲချော်ရဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ဒါဝင်နူနက်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေပြီး အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်ကာ ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်တွင် ပွဲပြီးဆုံးချိန်ထိ ကစားခဲ့သော်လည်း ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဒါဝင်နူနက်သည် ချဲလ်ဆီးအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့်ခြေထောက်ဒဏ်ရာကြောင့် ကြံ့ခိုင်မှုမပြည့်ဝသေးသည့်အတွက် အသင်းနှင့်လေ့ကျင့်ခန်း လုပ်ဆောင်နိုင်ခြင်းမရှိသောကြောင့် အာဆင်နယ်အသင်းနှင့်ကစားမည့် ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေခြင်းဖြစ်သည်။

နည်းပြကလော့ပ်က "ဒါဝင်နူနက်အနေနဲ့ ချဲလ်ဆီးအသင်းနဲ့ပွဲမှာ ခြေထောက်ဒဏ်ရာအသေးစားရရှိခဲ့ပါတယ်။ သူ့အနေနဲ့ ဒဏ်ရာက မပြင်းထန်ဘူးဆိုပေမဲ့ ကြံ့ခိုင်မှုပြည့်ဝဖို့တော့ လိုပါသေးတယ်။ အာဆင်နယ်အသင်းနဲ့ပွဲမှာ ပါဝင်နိုင်ဖို့အတွက်တော့ သူကြိုးစားနေပါတယ်"ဟု ပြောကြားခဲ့သည်။

ဒါဝင်နူနက်သည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၀ ပွဲထိပါဝင်ကစားထားပြီး ခုနစ်ဂိုး သွင်းယူ၍ ဂိုးဖန်တီးမှု ခုနစ်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို သောမတ်စ်ဒက်ထရိုင်း ဦးဆောင်



**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဘယ်လ်ဂျီယံဂေါက်သီးရိုက် ကစားသမား သောမတ်စ်ဒက်ထရိုင်းက သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ကန်တလေက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး ပြင်သစ်ဂေါက်သီးရိုက်ကစားသမားပါ့ွန်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ပထမနေ့တွင် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက် ကစားသမားဖြစ်သူ အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာ ရလဒ်ဆိုးရွားခဲ့ပြီး သတ်မှတ်ရိုက်ချက်ထက် သုံးချက်သာလျော့ရိုက်နိုင်ခဲ့သည်။

ထို့ပြင် မက်အီလ်ရွိုင်းသည်လည်း စည်းကမ်းချိုးဖောက်မှုကြောင့် ရိုက်ချက် နှစ်ချက်လျော့ချခံခဲ့ရပြီး သတ်မှတ်ရိုက်ချက်ထက် တစ်ချက်သာ လျော့ရိုက်နိုင်ခဲ့ကာ ရလဒ်ပိုင်း မကောင်းသည့်အပြင် စည်းကမ်း ချိုးဖောက်မှုကြောင့် မက်အီလ်ရွိုင်းမှာ စိတ်ပျက်စရာအခြေအနေဖြင့်ရင်ဆိုင်ခဲ့ရကြောင်း ဝန်ခံပြောကြားခဲ့သည်။

သောမတ်စ်ဒက်ထရိုင်းက"ပထမနေ့မှာကစားနိုင်ခဲ့တဲ့ ပုံစံကို တော်တော် အားရကျေနပ်မှုရှိပါတယ်။ အထူးသဖြင့် ကျင်းစိမ်တဲ့အပိုင်းမှာ ကျေနပ်မှုရှိတယ်။ ကျွန်တော့်လိုပဲ အကောင်းဆုံး လက်စွမ်းပြနိုင်တဲ့ ပြိုင်ပွဲဝင်တွေ အများကြီးရှိပါတယ်။ နောက်ဆုံးနေ့ထိ အကြိတ်အနယ်ယှဉ်ပြိုင်သွားရမဲ့ အနေအထားဖြစ်ပါတယ်။ နောက်ဆုံးနေ့ထိ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# စပိန်လာလီဂါ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

STA

**ဗီလာရီးရဲလ် Vs ကာဒီဇက်**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၄ (ည ၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကာဒီဇက် ၃ - ၁ ဗီလာရီးရဲလ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ဗီလာရီးရဲလ် - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |
| ကာဒီဇက် - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |

ဗီလာရီးရဲလ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေလို့ အိမ်ကွင်းမှာ ကာဒီဇက်အသင်းကိုအကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။နောက်ဆုံးငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ကာဒီဇက်အသင်းကတော့ ခြေစွမ်းပိုင်းအတော်လေးဆိုးရွားနေပါတယ်။ ဒါကြောင့် ဗီလာရီးရဲလ်အသင်းပဲ နိုင်ပွဲဆက်သွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဗီလာရီးရဲလ် ၂ - ၀ ကာဒီဇက်**

# အီတလီစီးရီးအေ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

STA

**နာပိုလီ Vs ဗီရိုနာ**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၄ (ည ၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗီရိုနာ ၁ - ၃ နာပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| နာပိုလီ - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(သရေ) |
| ဗီရိုနာ - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |

နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ နာပိုလီအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် ပြင်ဆင်လာမှာပါ။ ဗီရိုနာအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိသလို နာပိုလီအသင်းနဲ့ တွေ့ဆုံတိုင်းရှုံးကန်ရလေ့ရှိပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုတိုင်းမှာ အမြဲအသာစီးရရှိထားတဲ့ နာပိုလီအသင်းပဲ နိုင်ပွဲပြန်လည်ရရှိသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - နာပိုလီ ၂ - ၁ ဗီရိုနာ**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်များ

STA

**မိုနာကို Vs လီဟာဗေး**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၄ (ည ၀၆း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လီဟာဗေး ၀ - ၀ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| မိုနာကို - | အိမ်(ရှုံး) | ဝေး(နိုင်) | ဝေး(သရေ) |
| လီဟာဗေး - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(သရေ) |

မိုနာကိုအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေတယ်ဆိုပေမဲ့ အိမ်ကွင်းဆိုရင်တော့ အသင်းလိုက်ကစားပုံကောင်းမွန်ပါတယ်။ လီဟာဗေးအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေပြန်လည်ကောင်းမွန်နေပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် မိုနာကိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မိုနာကို ၃ - ၁ လီဟာဗေး**

**လိုင်ယွန် Vs မာဆေး**

**ကစားမည့်ရက်/အချိန် ၅-၂-၂၀၂၄ (နံနက် ၀၂း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၃ - ၀ လိုင်ယွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| လိုင်ယွန် - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |
| မာဆေး - | အိမ်(သရေ) | ဝေး(သရေ) | အိမ်(သရေ) |

လိုင်ယွန်အသင်းဟာ တန်းဆင်းဇုန်ထဲရောက်နေလို့ ရုန်းကန်နေတယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိသေးပါဘူး။ မာဆေးအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်သရေလဒ်ရရှိခဲ့ပြီး နိုင်ပွဲပျောက်ဆုံးထားလို့ အခုပွဲစဉ်မှာနိုင်ပွဲပြန်လည်ရှာဖွေမှာပါ။ ဒါကြောင့် မာဆေးအသင်းပဲ နိုင်ပွဲပြန်လည်ရရှိသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လိုင်ယွန် ၁ - ၂ မာဆေး**

# အမေရိကန်ထိန်းချုပ်ထားသည့် ကမ္ဘာ့သင်္ဘောအသွားအလာကိုခြိမ်းခြောက်နေသော ဟူသီသူပုန်အဖွဲ့

ဟူသီသူပုန်အဖွဲ့သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပင်လယ်နီဒေသ၌ ဖြတ်သန်းသွားလာလျက်ရှိသော ဒိန်းမတ်ကုမ္ပဏီ Maersk Line ပိုင်ဆိုင်ပြီး စင်ကာပူအလံ လွှင့်ထူထားသည့် Maersk Hangzhou သင်္ဘောတစ်စီးကို ဒုံးကျည်၊ စက်လှေတို့ဖြင့် စီးနင်းတိုက်ခိုက်ခဲ့သည်။ အမေရိကန်ရေတပ်သည် စီးနင်းတိုက်ခိုက်မှုတွင် ဟူသီသူပုန်များ အသုံးပြုခဲ့သည့် စက်လှေလေးစီးအနက် သုံးစီးကို တိုက်ခိုက်ဖျက်ဆီးရန် ရဟတ်ယာဉ်များ အသုံးပြုကာ တုံ့ပြန်ခဲ့သည်။

ကမ္ဘာ့အကြီးဆုံး သင်္ဘောလိုင်းကုမ္ပဏီဖြစ်သည့် Maersk Line သည် ပင်လယ်နီဒေသတွင် သွားလာမှုကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ချက်ချင်းထုတ်ပြန်ကြေညာခဲ့သည်။ အနောက်တိုင်းမှအကြီးစားသင်္ဘောလိုင်းနှင့်စွမ်းအင်ကုမ္ပဏီများသည်လည်း အဆိုပါဒေသမှ ဦးတည်ရာလမ်းကြောင်းပြောင်းခဲ့သည်။

ဟူသီသူပုန်အဖွဲ့သည် အစ္စရေးနိုင်ငံနှင့်ဆက်နွယ်သောသင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးနောက်ပိုင်း ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ၎င်းအဖွဲ့၏ တိုက်ခိုက်မှုများကို ပုံမှန်တွေ့ရှိလာရသည်။ အဆိုပါတိုက်ခိုက်မှုများကို တုံ့ပြန်သောအားဖြင့် အမေရိကန်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် Operation Prosperity Guardian ကိုဖွဲ့စည်းခဲ့ပြီး ဟူသီသူပုန်အဖွဲ့ကို ငွေကြေးထောက်ပံ့နေသည့် ကွန်ရက်များ၊ အထူးသဖြင့် အီရန်နှင့်ဆက်နွယ်သည့် ရန်ပုံငွေကွန်ရက်များကို ပိတ်ဆို့ခဲ့သည်။

သို့သော် ပင်လယ်နီဒေသ၏ ကျဉ်းမြောင်းသောရေပိုင်နက်နှင့် စူးအက်တူးမြောင်းတို့တွင် လုံခြုံမှုအာမခံချက်မရှိခြင်းသည် ကမ္ဘာလုံးဆိုင်ရာသင်္ဘောအသွားအလာကို ထိခိုက်စေလျက်ရှိသောကြောင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ပင်လယ်နီဒေသတွင် ဖြတ်သန်းသွားလာသော သင်္ဘောအရေအတွက်သည် ၂၀ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့သည်။ ထိုအတောအတွင်း စူးအက်တူးမြောင်းတွင် နေ့စဉ်ဖြတ်သန်းသွားလာသော ကွန်တိန်နာသင်္ဘောအရေအတွက်မှာလည်း ၂၀၂၂ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၅၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့သည်။

သင်္ဘောများဦးတည်ရာလမ်းကြောင်းပြောင်းလဲမှု၏ ဂယက်ရိုက်ခတ်မှုသည် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်နစ်နာမှုဖြစ်ပေါ်စေလျက်ရှိပြီး တိုက်ခိုက်မှုများဖြစ်ပွားကတည်းက ပင်လယ်သမုဒ္ဒရာဖြတ်သန်း၍ ကုန်စည်ပို့ဆောင်သော စရိတ်နှုန်းထားသည် ခေါင်ခိုက်လာလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအစောပိုင်းတွင် အုပ်ချုပ်ထောက်ပံ့မှုကုမ္ပဏီ Freightos က အာရှမှ ဥရောပမြောက်ပိုင်းသို့ သင်္ဘောဖြင့်ကုန်စည်ပို့ဆောင်မှုစရိတ်များသည် နှစ်ဆမြင့်တက်သွားကြောင်းနှင့် ပေ ၄၀ ကွန်တိန်နာတစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ ကျော်သွားပြီဖြစ်ကြောင်း အစီရင်ခံခဲ့သည်။

ဇန်နဝါရီလလယ်ပိုင်းလောက်တွင် ၂၄ ပေ ကွန်တိန်နာတစ်လုံးကို အိန္ဒိယမှဥရောပနှင့် အမေရိကန်အရှေ့ပိုင်းကမ်းခြေများသို့ သင်္ဘောဖြင့်တင်ပို့သွားမည်ဆိုလျှင် ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၆၀၀ မှ ၁၅၀၀ ထိ မြင့်တက်လာခဲ့သည်။ ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများအပြင် အပိုထပ်ဆောင်းကြေးများမှာလည်း ကွန်တိန်နာတစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၅၀၀ မှ ၂၇၀၀ ထိ ရှိနေပြန်သည်။ ထို့ပြင် အာရှမှမြောက်အမေရိကသို့ သင်္ဘောဖြင့်တင်ပို့သည့် နှုန်းထားများမှာလည်း သိသိသာသာ မြင့်တက်လာလျက်ရှိသည်။

ပင်လယ်နီဒေသကို ဖြတ်သန်းသွားလာသော သင်္ဘောများအတွက်မူ အသက်အာမခံကြေးသည် ခရီးစဉ်တစ်ခေါက်လျှင် သင်္ဘောတန်ကြေး၏ သုည ဒသမ ၂ ရာခိုင်နှုန်းမှ သုည ဒသမ ၇ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။

အမေရိကန်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေး တည်ငြိမ်မှုတွင် ပါဝင်ဆောင်ရွက်ရန်၊ ဒေါ်လာလွှမ်းမိုးသော နိုင်ငံတကာကုန်သွယ်မှုကို ထိန်းသိမ်းထားရှိရန်နှင့် မဟာမိတ်များနှင့် ရန်သူများအပေါ် လွှမ်းမိုးနိုင်ရေးအခိုင်အမာဆုံးဖြတ်ထားသောကြောင့် သင်္ဘောဖြင့် ကုန်စည်တင်ပို့မှုကိုခြိမ်းခြောက်နေမှုများ ထိန်းချုပ်သွားရန် တာဝန်ရှိနေသည်။ အခြားနိုင်ငံများ၏ ကုန်စည်များနှင့်စစ်ရေယာဉ်များ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေး စီစဉ်ပေးနိုင်ခြင်းသည် အမေရိကန်ကို ပိတ်ဆို့မှုများနှင့် စီးပွားရေးပိတ်ဆို့မှုများလုပ်ဆောင်နိုင်ရန် အင်အားဖြည့်ဆည်းပေးနိုင်သည့်အပြင် ကမ္ဘာလုံးဆိုင်ရာအကျပ်အတည်းများ၊ အကြမ်းဖက်ဝါဒနှင့် ရာဇဝတ်မှုများကိုလည်း အလျင်အမြန် တုံ့ပြန်နှိမ်နင်းနိုင်စွမ်းရှိစေသည်။



အမေရိကန်အနေဖြင့် ၎င်း၏လွှမ်းမိုးမှုဆက်လက်ထိန်းသိမ်းထားရှိနိုင်ရေးနှင့် စပ်လျဉ်း၍စိန်ခေါ်မှုများဖြင့်ရင်ဆိုင်နေရသော်လည်း ယခင်က ကမ္ဘာလုံးဆိုင်ရာ ရေကြောင်းသွားလာမှုအပေါ် ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်။ အမေရိကန်ကွပ်ကဲမှုအောက်ရှိ နိုင်ငံများစွာပါဝင်သည့် ပူးပေါင်းပင်လယ်ရေကြောင်းတပ်ဖွဲ့များကဲ့သို့သော နိုင်ငံစုံကာကွယ်ရေးတပ်ဖွဲ့များသည် အရှေ့အလယ်ပိုင်းဒေသကို စောင့်ကြည့်နိုင်ခဲ့သည်။ ထို့ပြင် ၂၀၀၉ ခုနှစ်တွင် ထူထောင်ခဲ့သော အမှတ်(၁၅၁) ပူးပေါင်းအထူးတပ်ဖွဲ့ (CTF-151) သည် ဆိုမာလီပင်လယ်ဓားပြကဲ့သို့သော ခြိမ်းခြောက်မှုများကို အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်။

**ဟူသီသူပုန်အဖွဲ့၏ မဟာဗျူဟာအောင်မြင်မှု**

ဟူသီသူပုန်အဖွဲ့သည် ၂၀၁၅ ခုနှစ်ကတည်းက ပင်လယ်နီဒေသတွင် သင်္ဘောများကို အခါအားလျော်စွာတိုက်ခိုက်ခဲ့သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ တစိုက်မတ်မတ် တိုက်ခိုက်လာခဲ့ရာ သင်္ဘောများကို ကာကွယ်စောင့်ရှောက်နိုင်မှုနှင့် စပ်လျဉ်း၍ အမေရိကန်တို့၏ စွမ်းဆောင်ရည်အပေါ် သံသယ ကြီးထွားလာခဲ့သည်။

ဟူသီသူပုန်အဖွဲ့သည် သင်္ဘောများကိုတိုက်ခိုက်ရာတွင် ဒုံးကျည်များ၊ ရေဒါများ၊ ရဟတ်ယာဉ်များ၊ စက်လှေများနှင့် ဒရုန်းများကို အသုံးပြုလျက်ရှိသည်။ အမေရိကန်ရေတပ်အနေဖြင့် ကြားဖြတ်တိုက်ခိုက်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀ သာ ကျသင့်သော ဒရုန်းများကိုသုံးမည့်အစား အမေရိကန်ဒေါ်လာ နှစ်သန်းတန် ဒရုန်းများအသုံးပြုနေရမှုနှင့် စပ်လျဉ်း၍လည်း တုံ့ပြန်နိုင်မှုနှင့်ကုန်ကျမှုတို့တွက်ခြေကိုက်သလားဆိုသော စိုးရိမ်ပူပန်မှုများ မြင့်တက်လာလျက်ရှိသည်။

အမှန်တော့ အီရန်တို့၏ အုပ်ချုပ်ထောက်ပံ့မှုရရှိထားသည့်အပြင် ပါလက်စတိုင်းအရေးတွင်ခိုင်မာသည့် ဆုံးဖြတ်ချက်ချမှတ်ထားသော ဟူသီသူပုန်အဖွဲ့သည် ဒေသတွင်းနိုင်ငံများ၏ဟန့်တားမှုအနည်းငယ်ကိုသာ ရင်ဆိုင်ရလျက်ရှိသည်။ သာဓကအနေဖြင့် ဆော်ဒီအာရေဗျသည် အိမ်နီးချင်းယီမင်တွင် ရှစ်နှစ်ကြာ စစ်ဆင်ရေးဆင်နွှဲပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ်တွင် ဟူသီသူပုန်တို့နှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ခဲ့သည်။ ဘာရိန်းနိုင်ငံမှအပ ဒေသတွင်းရှိ အမေရိကန်၏ မဟာမိတ်များသည် အစ္စရေးနိုင်ငံကို ကူညီနေသည်ဆိုသောစွပ်စွဲချက်ကို ရှောင်ရှားရန် Operation Prosperity Guardian တွင်ပါဝင်ရန် လက်ရှောင်လျက်ရှိကြသည်။ ဆိုရလျှင် စူးအက်တူးမြောင်းမှ သင်္ဘောများဖြတ်သန်းသွားလာမှုအတွက် ရရှိနေသော အခွန်ငွေများ ဆုံးရှုံးမှုဖြစ်ပေါ်နိုင်သည့် အီဂျစ်နိုင်ငံသည်ပင်လျှင် အမေရိကန်နှင့် ခပ်ကင်းကင်းနေလျက်ရှိသည်။

အနောက်တိုင်းခေတ်မီလက်နက်များနှင့်အင်အားဖြည့်တင်းထားသော ဆော်ဒီစစ်ဘက်သည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ဟူသီသူပုန်အဖွဲ့ကို လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည့်တိုင်အောင် အောင်မြင်မှုမရရှိခြင်းသည် ဟူသီသူပုန်အဖွဲ့ကို ထိရောက်စွာချေမှုန်းနိုင်ရေးအတွက် မြေပြင်ထိုးစစ်များလိုအပ်ကြောင်း ညွှန်ပြလျက်ရှိသည်။ လက်ရှိအချိန်ထိ အမေရိကန်သည် ထိုသို့ဆောင်ရွက်နိုင်ရန် ခိုင်မာသောဆုံးဖြတ်ချက်နှင့် လွှမ်းမိုးနိုင်မှု ကင်းမဲ့လျက်ရှိသည်။

**ချည့်နဲ့လာသောအထောက်အပံ့**

ပြင်သစ်၊ အီတလီနှင့်စပိန်တို့အပါအဝင် NATO ၏ မဟာမိတ်အဖွဲ့များသည် အမေရိကန် ကွပ်ကဲအမိန့်ပေးမှုကိုရှောင်ရှားရန် Operation Prosperity Guardian မှနုတ်ထွက်လျက်ရှိရာ ဗြိတိန်နှင့် ဩစတြေးလျကဲ့သို့သော အဓိက မဟာမိတ်တချို့သာ ကျန်ရှိတော့သည်။ ဩစတြေးလျနိုင်ငံအနေဖြင့်လည်း စစ်ရေယာဉ်များစေလွှတ်ခြင်းမရှိဘဲ တပ်ဖွဲ့ဝင် ၁၁ ဦးသာ စေလွှတ်ခဲ့သည်။

ထိုအတောအတွင်း အခြားသောအင်အားကြီးနိုင်ငံများအနေဖြင့် ဒေသတွင်း၌ အမှီအခိုကင်းသည့် ကိုယ်ပိုင်စစ်ဆင်ရေးများ ဆင်နွှဲသွားရန်နည်းလမ်းရှာဖွေလျက်ရှိသည်။ အိန္ဒိယရေတပ်အနေဖြင့်လည်း Operation Prosperity Guardian ပါဝင်ရေး အမေရိကန်၏ ကမ်းလှမ်းမှုကို ငြင်းဆန်လျက်ရှိပြီး ဒေသတွင်း၌ ကိုယ်ပိုင်စစ်ဆင်ရေးကိုစတင်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့်လည်း နိုင်ငံပေါင်းစုံပါဝင်သော ညွှန့်ပေါင်းအဖွဲ့ကို ငြင်းဆိုလျက် အမေရိကန်နှင့် ခပ်ခွာခွာနေကာ ဒေသတွင်း၌ ကိုယ်ပိုင်စစ်ရေယာဉ်များ စေလွှတ်ထားရှိသည်။

ဟူသီသူပုန်အဖွဲ့ကို ဟန့်တားရန်ပျက်ကွက်ခြင်းသည် သင်္ဘောများသွားလာမှုကို အကာအကွယ်ပေးသွားမည့် အမေရိကန်၏စိတ်ဆန္ဒအပေါ် အခြားနိုင်ငံများက စမ်းသပ်သွားလိုသော သဘောတရားကြီးထွားလာစေခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း အမေရိကန်၏စွမ်းဆောင်ရည်များ ကျဆင်းလာသောကြောင့် ဆိုမာလီဓားပြများသည် ၂၀၂၃ ခုနှစ်တွင် ပိုမိုကြီးထွားလာခဲ့သည်။ အရှေ့တောင်အာရှတွင် လွန်ခဲ့သောနှစ်များအတွင်း ပင်လယ်ဓားပြများ တဖြည်းဖြည်းကြီးထွားလာခဲ့သည်။ ထို့ပြင် အီရန်သည် ဒေသတွင်းဖြတ်သန်းသွားလာသော အနောက်နိုင်ငံသင်္ဘောများကို ဖမ်းဆီးလျက်ရှိသည်။

**နိုင်ငံရေးဂယက်ရိုက်စတ်မှုများ**

ဂါဇာပဋိပက္ခမှဖြစ်ပေါ်လာသော တိုက်ခိုက်မှုများနှင့်ပိတ်ဆို့မှုများသည် ဒေသတွင်းကုန်သွယ်မှုအပေါ် ကျော်လွန်ကာ ဂယက်ရိုက်ခတ်လာလျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် မလေးရှားနိုင်ငံသည် ၎င်း၏ဆိပ်ကမ်းများသို့ အစ္စရေးသင်္ဘောများဝင်ရောက်ခွင့်ပိတ်သိမ်းခဲ့သည်။ ထို့ပြင် ပင်လယ်နက်ဒေသတွင် ရုရှား၏ အရေးယူဆောင်ရွက်မှုများသည်လည်း နိုင်ငံတကာသင်္ဘောများသွားလာမှုကို ပိုမိုအဟန့်အတားဖြစ်စေခဲ့သည်။

ရုရှား၊ တရုတ်နှင့်အီရန်တို့သည် ဟူသီသူပုန်အဖွဲ့၏ခြိမ်းခြောက်မှုအန္တရာယ်မှ နိုင်ငံတကာ ပင်လယ်ရေကြောင်းလမ်းများ ဆက်လက်ထိန်းချုပ်နိုင်ရေး အမေရိကန်၏ ရုန်းကန်နေရမှုကို ဝမ်းမြောက်ဝမ်းသာလက်ခံခဲ့ကြသည်။ ၎င်းတို့အနေဖြင့် အဆိုပါရုန်းကန်မှုကို ကမ္ဘာလုံးဆိုင်ရာ အမေရိကန်၏ ရပ်တည်ချက်ကို အမြတ်ထုတ်အသုံးချရေးအတွက် အခွင့်အလမ်းတစ်ရပ်အဖြစ်ရှုမြင်ထားရှိသည်။

နိုင်ငံတကာသင်္ဘောများ သွားလာရာတွင် အရေးပါသော ပနားမားတူးမြောင်းသည်လည်း ရေလျော့နည်းလာသည့်ပြဿနာဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ အဆိုပါရေလက်ကြားတွင် သင်္ဘောများအကန့်အသတ်ဖြင့်သာ သွားလာနိုင်တော့သည်။ အမေရိကန်အနေဖြင့် ပင်လယ်ရေကြောင်းသွားလာမှုကို ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိသော်လည်း ဟူသီသူပုန်အဖွဲ့သည် အင်အားကြီးနိုင်ငံများကြား ပြိုင်ဆိုင်မှု ပြင်းထန်နေသည့် ၂၁ ရာစု ပထဝီနိုင်ငံရေး၌ နိုင်ငံမဲ့လုပ်ရှားသူများအပေါ် ပိုမိုလွှမ်းမိုးလာလျက်ရှိသည်။

မည်သို့ပင်ဆိုစေ ပင်လယ်ရေကြောင်းသွားလာမှုအပေါ် ဟူသီသူပုန်အဖွဲ့၏ ခြိမ်းခြောက်မှုသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့အတွက် ရှောင်လွှဲ၍မရသော ပြဿနာတစ်ရပ်ပင် ဖြစ်လာခဲ့သည်။ ဟူသီသူပုန်အဖွဲ့အပေါ် အမေရိကန်နှင့်ဗြိတိန်တို့၏ လေကြောင်းတိုက်ခိုက်မှုများသည် အနာဂတ်တွင် သင်္ဘောများအပေါ် တိုက်ခိုက်လာမည့်အခြေအနေကိုတားမြစ်နိုင်ခြင်းမရှိပေ။ ထို့ကြောင့် ဟူသီသူပုန်အဖွဲ့အပေါ် ထိရောက်စွာတုံ့ပြန်နိုင်ရေးအတွက် အချိန်ယူရသည်နှင့်အမျှ ကမ္ဘာလုံးဆိုင်ရာအရောင်းကွင်းဆက်နှင့် ကမ္ဘာ့ရေလမ်းကြောင်းများတွင် အမေရိကန်တို့၏ လွှမ်းမိုးနိုင်မှုအပေါ် ခြိမ်းခြောက်မှုများ ပိုမိုကြီးထွားလာစေမည်ဖြစ်သည်။

**ကိုးကား**

- How Houthis threaten US control over global shipping By Asia Times.

**ဝင်းဇင်(သုတေသန)**

# (၇၇) နှစ်မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို ဒဂုံမြို့နယ်ရှိ မွန်ဓမ္မာရုံတွင် ကျင်းပရန်စီစဉ်ထား



**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီးအဆင့် (၇၇) နှစ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မွန်ဓမ္မာရုံတွင် ကျင်းပရန်စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဗဟိုကော်မတီဝင် နိုင်ထော်ဦးက ပြောပြ၍ သိရသည်။

အဆိုပါ အခမ်းအနားကို မွန်လူငယ်များ မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်း စောင့်ရှောက်တတ်စေရန်၊ မွန်တိုင်းရင်းသားတို့၏ သမိုင်းကြောင်းကို သိရှိလာစေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၁၆ ရက်မှာ ကျရောက်မဲ့ မွန်အမျိုးသားနေ့က (၇၇) နှစ်မြောက် မွန်အမျိုးသားနေ့လဲဖြစ်ပါတယ်။ အဲဒီအတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်မှာရှိတဲ့ မွန်ဓမ္မာရုံမှာ မွန်အမျိုးသားနေ့အခမ်းအနားကို ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။ မွန်တိုင်းရင်းသားစာပေပြိုင်ပွဲကိုလဲ ပြုလုပ်ဖို့ရှိပါတယ်။ မွန်တိုင်းရင်းသားကလေးငယ်တွေအနေနဲ့ မွန်စာပေကို လက်ဆင့်ကမ်းထိန်းသိမ်းတဲ့အနေနဲ့ဖြစ်ပါတယ်။ မွန်တိုင်းရင်းသားရိုးရာအကပဒေသာကတော့ ပွဲလုပ်တဲ့နေ့မှာ ထည့်သွင်းကျင်းပသွားဖို့ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဗဟိုကော်မတီဝင် နိုင်ထော်ဦးက ပြောပြသည်။

ထို့ပြင် မွန်တိုင်းရင်းသားတို့၏ အဆို၊ အတီး၊ အကတို့လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်စေရန် မွန်တိုင်းရင်းသား ရိုးရာအကပဒေသာများကို လည်း ရန်ကုန်တိုင်းဒေသကြီးအဆင့် မွန်အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားတွင် ထည့်သွင်းကျင်းပရန်စီစဉ်နေကြောင်းသိရသည်။ ASH

# Avatar-4 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းများ ၂၀ ရာစုရုပ်ရှင်စတူဒီယိုက စတင်နေပြီဖြစ်

**နယူးယောက် ဖေဖော်ဝါရီ ၂**

Avatar-4 ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများကို ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက စတင်နေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

Avatar-4 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း စတင်နေမှုကို ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်နေသော မင်းသား စတီဖင်လန်းက ဇာတ်ဝင်ခန်းဓာတ်ပုံများဖြင့် လူမှုမီဒီယာစာမျက်နှာပေါ်တွင် အတည်ပြုထားခြင်းဖြစ်သည်။

မင်းသား စတီဖင်လန်းသည် Avatar-4 တွင် Quaritch ဇာတ်ကောင်နေရာမှာပင် ဆက်လက်ပါဝင်မည်ဖြစ်သည်။

Avatar-4 ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာကြီး ဂျိမ်းကင်မရွန်းက ရိုက်ကူးနေခြင်းဖြစ်သည်။

ဒါရိုက်တာ ဂျိမ်းကင်မရွန်းသည် Avatar-3 နှင့် Avatar-4 ဇာတ်ကားနှစ်ကားစလုံးကို တစ်ချိန်တည်း ရိုက်ကူးနေခြင်းဖြစ်သည်။

၂၀ ရာစုရုပ်ရှင်စတူဒီယိုသည် Avatar(2009) ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည့် Avatar: The Way of Water ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ရုံတင်ပြသခဲ့ရာ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၂ ဘီလီယံထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးနှင့် Mahar Application တို့က ငွေကျပ် သိန်း ၁၈၀ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂**

နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးနှင့် Mahar Application တို့က ငွေကျပ် သိန်း ၁၈၀ လှူဒါန်းခြင်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်တွင် နေပြည်တော်ရှိ MICC-1 တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ဆုချီးမြှင့်ပွဲတွင် အကယ်ဒမီဆန်ခါတင်စာရင်းဝင် ရုပ်ရှင်ဇာတ်ကား ၁၂ ကားရှိကြောင်း၊ အထူးဆုအပါအဝင် ထူးချွန်ဆု ထူးချွန်ဆုများကို ချီးမြှင့်ရာတွင် ပေါင်း ၁၂ ဆုကို ချီးမြှင့်ပေးအပ်



သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ကိုဘိုဘိုစန်း (Bo Bo Entertainment) က ငွေကျပ် သိန်း ၈၀ လှူဒါန်းပါတယ်။ Mahar Application ကလဲ ဒီပွဲအတွက် ငွေကျပ် သိန်း ၁၀၀ ပါဝင်လှူဒါန်းပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲသို့ တက်ရောက်ကြမည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဗဟိုအမှုဆောင် အမျိုးသားများအတွက်လည်း မိုးမြတ်သူဇာမြန်မာ့ရိုးရာ ပိုးထည် ချည်ထည်နှင့် တိုင်းရင်းသားရိုးရာဝတ်စုံလုပ်ငန်းကလည်း လုံချည်အင်္ကျီနှင့် တိုက်ပုံများကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Kung Fu ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဒွန်နီယန်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂**

ကမ္ဘာကျော် ကိုယ်ခံပညာ မင်းသား ဒွန်နီယန်းသည် Kung Fu အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

Kung Fu ဇာတ်ကားသည် ၁၉၇၀ ပြည့်နှစ်ကာလအတွင်း ကျော်ကြားခဲ့သော Kung Fu ရုပ်သံဇာတ်လမ်းတွဲကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ဖန်တီးရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

ဒွန်နီယန်း၏ Kung Fu ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒေးဗစ်လိုက်က တာဝန်ယူရိုက်ကူးဖွယ်ရှိသည်။

လက်ရှိတွင် ဒါရိုက်တာ ဒေးဗစ်လိုက်သည် Kung Fu ဇာတ်ကားကို ရိုက်ကူးရေးအတွက် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေဆဲဖြစ်သည်။

Kung Fu ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို War Dogs ဇာတ်ညွှန်းရေးဆရာ စတီဖင်ချင်းက တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

Kung Fu ရုပ်ရှင်ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ပဟန်းမြို့နယ်ရှိ Mandalay Art Gallery တွင် ပန်းချီဆရာငါးဦး၏ Artistic Brushwork Art Exhibition ပန်းချီပြပွဲ ပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Mandalay Art Gallery တွင် ပန်းချီဆရာ ငါးဦး၏ Artistic Brushwork Art Exhibition ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ မောင်မောင်တိုးက ပြောပြ၍ သိရသည်။

Artistic Brushwork Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ ခင်မောင်ရင်၊ ပန်းချီ ကြည်သိန်း၊ ပန်းချီ မြတ်ဝင်းထိန်၊ ပန်းချီ မောင်မောင်တိုး၊ ပန်းချီ ခင်မောင်စန်းတို့ရေးဆွဲထားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၅၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Artistic Brushwork Art Exhibition ပြပွဲမှာ ကွယ်လွန်ထင်ရှား ပန်းချီဆရာတွေဖြစ်တဲ့ ပန်းချီ ဦးခင်မောင်ရင်၊ ပန်းချီ ဦးကြည်သိန်း၊ ရုပ်ပြလောကမှာလဲ ထင်ရှားခဲ့တဲ့ ပန်းချီ မြတ်ဝင်းထိန် တို့ရဲ့လက်ရာတွေအပြင် လက်ရှိထင်ရှားတဲ့ ပန်းချီဆရာတွေရဲ့ လက်ရာတွေလဲ မြင်ရမှာဖြစ်ပါတယ်။ ပြသမဲ့နေ့ရက်ကတော့ ဖေဖော်ဝါရီ ၃ ရက်ကနေ ဖေဖော်ဝါရီ ၇ ရက်ထိဖြစ်ပါတယ်။ ပြခန်းမှာ လာရောက်ကြည့်ရှုနိုင်သလို အွန်လိုင်းကလဲ လေ့လာဝယ်ယူနိုင်အောင်စီစဉ်ထားပါတယ်"ဟု ပန်းချီ မောင်မောင်တိုးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာလည်း အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing spectates final match of football tournament of Inter-Technological/Computer Science Universities Games, presents prizes


Senior General Min Aung Hlaing watches the football final match.



**Nay Pyi Taw February 2**

The final match of the football tournament of the Inter-Technological/Computer Science Universities Games took place at the Wunna Theikdi Stadium in Nay Pyi Taw this evening and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing spectated the event and presented prizes.

Also present were Joint Secretary Lt-Gen Ye Win Oo and members of the SAC, union-level officials, union ministers, senior Tatmadaw officers, deputy ministers, permanent secretaries, director generals, deputy director generals, members of organizing committee for the games, officials, managers, coaches and players from teams of the football tournament, faculty members and students from technological universities and universities of computer science, staff families from ministries and sports hobbyists from the public.

First, the Senior General and spectators enjoyed the final match of the football tournament between the Nay Pyi Taw Zone team and the Meiktila Zone team.

Being teams that managed to reach the final match, the two teams played against each other relentlessly and Nay Pyi Taw Zone team scored the first goal from a penalty at 44 minutes of the first half. Then, the Meiktila Zone team scored the equalizer at 62 minutes in the second half but the Nay Pyi Taw Zone team scored another goal at 65 minutes in the second half and won the championship cup 2-1.

After the match, a prize presentation ceremony was held and SAC members Mahn Nyein Maung, Porel Aung Thein, Daw Dwe Bu, U Wunna Maung Lwin, Lt-Gen Nyo Saw and Lt-Gen Yar Pyae presented the best goalkeeper award, the best defender award, the best midfielder award, the best forward award, top goal scorer award and the best player award in the tournament and cash rewards.


Then, SAC members Admiral Tin Aung San and General Mya Tun Oo presented the third prizes and the second prizes for individual players and cash rewards to the Magway Zone team and the Meiktila Zone team respectively.

Afterward, Joint Secretary Lt-Gen Ye Win Oo of the SAC presented the first prizes for individual players to members of Nay Pyi Taw Zone team.

Then, the Senior General presented the championship cup and cash rewards to the Nay Pyi Taw Zone team.

After the ceremony, the Senior General and party cordially greeted the players. 100


Senior General Min Aung Hlaing presents cash award to the winning team.


A player receives award.


A player receives award.


A player receives award.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Union Government meeting 2/2024



Senior General Min Aung Hlaing delivers address at the Union government meeting 2/2024.

**Nay Pyi Taw February 2**

The Union Government held its meeting 2/2024 at the meeting hall of State Administration Council Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, union ministers and officials. Region and state chief ministers took part in the meeting through video conferencing.

In his address, the Senior General said it's the first meeting of the newly reformed government. The new government must serve duties with new spirit and strength. The government made some changes in the past, but the adopted policies remained unchanged, and it achieved national development to a certain degree amidst the hardships. Union ministers and chief ministers should strive to gain further progress in realizing the visions in the coming years, while utilizing the good foundations in hand.

The nation is implementing the five-point roadmap and nine objectives. Basic duty of a government is to ensure stability and development in political, economic and social sectors. Although economic and social development depends on individual efforts in a democratic country, the government has to play the leading role in making way for the progress of the system. In a democracy, the government's role is important.

Although the government in office is not a political government, it will have to develop the political, economic and social sectors. The national situation was restored because the country had political weaknesses, caused by the attempts to grab state power with the false ballot results and improper way and to install democracy through insincere ways. Hence, the government must steer the country on a path where the political system is purified and democracy and the Union federal administration system are correct.

**Robust driving force for national development**

National development needs strong driving forces -- political strength, economic strength and defence strength. Skilled leaders should systematically steer the country on a correct political path to strengthen political power. In this way, the country will be peaceful, stable and united. As for national economic development and individual wealth, all the people of the country must play their role dutifully. Sufficiency in basic needs ensures good moral conduct; hence, the defence power will be strong only if the country's economy is healthy.

**Effective defence prowess must be built and rule of law must be enforced**

Financial power is required to build up the defence power. Currently, Tatmadaw members are serving national defence duties and Myanmar Police Force is their partner. All of them are daringly serving their duties by sacrificing life, blood and sweat. So, the State must recognize and honour them to the most possible degree. In fact, it is an inclusive campaign, because they are safeguarding national sovereignty, and not the government. Police members are ensuring the rule of law in the entire country. All must provide collective support for their spiritual and physical development and to raise their morale.

In defence there is the ability and power. Ability must be built through constant individual training. As for the power, all the weapons, machinery, equipment and tools must be powerful. Up-to-date materials must be used. In this regard, Tatmadaw and MPF must be upgraded to enhance defence ability and defence power.

The strength of MPF, which is enforcing the rule of law, should meet the national requirement. They must be trained to be qualified and must be the ones reliable and trusted by the people. Police members must be indivisible with the people. People must understand and obey the law with common sense. Consequently, people need school education. So, the government is launching education promotion campaigns.

The country's export volume was low as its production capacity was also small. The export volume is rising since the amendment of foreign exchange policy. But a rise in exports should not cause shortages in the country. Hence, the country must increase its domestic production. Union ministries must play the leading role in increasing domestic production for national economic development. Moreover, chief ministers should successfully realize the projects.

As a farming-based country, it must try to hit the set targets through four means: strain, land, water and technology. But the progress depends much on the persons taking the responsibility sector wise. Responsible persons must give special priority to increasing the products of the farming sector. People of the sector must be trained to become skilled labour.

The country has to use a lot of foreign currency to import edible oil and dairy products for domestic consumption. The country has large areas of land suitable to grow edible oil crops. Oil producing regions and states must give priority to meeting the oil cultivation and production targets. Likewise, main dairy producer regions and states should give priority to increasing dairy products.

As the country has sound foundations for successfully operating agriculture and livestock businesses, efforts must be made for boosting production. If so, import volume can be reduced as well as spending of foreign exchange can be decreased. Consequently, monetary circulation will improve at home and State economy will develop. If so, people in individuals will have improved socioeconomic life.

Ministries have to provide assistance and technologies to the people who are engaged in manufacturing. Likewise, it is necessary to arrange construction of manufacturing roads and agricultural water for production. All ministries have to help rural people be healthy and fit, enjoy employment and enjoy knowledge and rule of law. If so, rural people will have improved workability. First priority must be given to development of agriculture and livestock farms to improve the State economy.

**Manufacturing quality products rather than quantity in MSME businesses**

MSME business plays a key role in Myanmar, similar to other countries. They include cottage industries as well as medium sized industries. Industrialized countries are also focusing on MSME businesses. MSME is of important in business and efforts must be made for production of quality products not emphasizing quantity. If MSME businesses are operated with the strength of educated persons, it will have greater progress. So, it is necessary to apply modern technologies for booming businesses. As such, the best way must be sought for successful operating production with the use of technologies, experiences, human resources and modern techniques.

Availability of raw materials and inputs are important for development of MSME businesses. Using raw materials at agriculture and livestock farms at home are sure for production of goods, so these raw materials must be used in manufacturing quality products with the use of technology. It is necessary to create chances for taking necessary inputs and capitals. Development of production based on agriculture and

*See Page 14*

*From Page 13*

livestock must be prioritized at first and the second priority must be development of MSME.

**Enhancement of education and health sectors**

It is necessary to turn out intelligentsia and intellectuals for boosting production of the nation. With regard to education promotion plan, all people have completed the KG+9 scheme and other necessary reforms must be conducted without fail. Moreover, efforts are being made to arrange smooth and convenient process for health staff and uplift their capacity. It needs to honour the education staff serving duties in the remote areas, and not only the government but officials need to fulfill their needs. As they are serving duties in their assigned regions amid difficulties so as to turn out the human resources important for the future of the State, the government needs to provide necessary facilities for them so as to improve the education sector. Hence, all have to deeply consider education promotion processes.

Likewise, an emphasis must be placed on health sector promotion contributing to the education sector. Only when they are healthy will they have capacity to improve education, social and economic sectors. As such, it is necessary to honour and encourage health staff as well as improve hospitals and buildings with full medications. Moreover, the health sector must be fulfilled more and more. The government will fulfill the needs of education and health sectors.

At present, the majority of Union ministers appointed at the government are retired government service personnel. So, they have to manage relevant ministries with the empathy over staff. They have to follow prescribed rules and regulations, procedures and laws in promoting ranks and transfer staff. Service personnel need to dutifully serve their tasks and officials need to manage their departments fairly. Moreover, relevant Union ministers and officials at different levels have to manage staff in a fair manner and always contact them to attend to the needs. It is necessary to enhance capacity of staff and supervise them under the prescribed disciplines. They have to give guidelines to State service personnel to improve their socio-economic lives and show the correct ways of life. As guiding the staff aims to serving the interest of the State, Union ministers have to consider their duties.

**Effectively applying authority entrusted under the Constitution**

In exercising democratic and federal systems, all citizens need to understand the wording federal. In fact, the wording federal means sharing of authority in order to initiate integration and harmony. Laws must be enacted in regions and states in the sectors allowed under the constitution. If not, the Union government issues the ordinances for managing regions and states. As such kinds of processes could not be done, confidence over the federalism declines. It is necessary to effectively apply the authority entrusted under the Constitution for the sake of the nation.

**The successful conduct of examinations of basic education schools**

Soon, the students from the basic education schools will take the exam, and all officials from all levels of administration, including those responsible for Administrative and security officials, need to make an all-round effort for all school-going children to attend without missing school and for the smooth completion of the examination.

Currently, the hot and dry weather has arrived, so there is a need to prepare and carry out fire prevention activities in the offices, wards and villages. On the other hand, we must take action to ensure that our homes, roads, wards, villages and schools clean and tidy beautiful. The summer school vacation period will soon arrive and the tourism season will begin, we need to make it green and clean and beautiful for the region and environment according to the ministries, regions and states to ensure the development of tourism. Promoting tourism cannot be done by a single ministry, but locals and officials must work together. In the tourism business, we need to take strict action to provide systematic and healthy living and dining services to the people who come to their region according to the location.

At the same time, in order to solve the problem of water scarcity, which happens every time we reach the summer period, we need to plan in advance. We need to carry out field inspections and make preparations for sufficient access to drinking water and improving the flow of water in creeks and drainages. It will not be enough to ensure cleanliness only by the responsible people from the municipality, but the community must also participate. It is true that the government must take the lead for the development of the country, but development can only be strengthened if the entire public works together. The government must take the lead in carrying out activities that benefit the public and country with the collective efforts of the people.

After that, the Union Ministers presented the state of the Union's annual budget, revenue to cash ratio, deficit to GDP ratio, implementing to obtain national registration cards through Pan Khin project, electoral operations, completion of preparatory work for the national population and household census, the progress of the agricultural sector by year and the implementation of achieving the target yields by crop, encouraging the development of the livestock sector, annual foreign investment inflow and Myanmar investment, preparing to produce new types of high-value products according to the type of agricultural products, completion of preparatory work to hold basic education and higher education examinations, annual export and import status, planning to provide more public health care activities, and the conditions of winning medals in international sports competitions and promoting the high level of sports.

Then, Prime Minister Senior General Min Aung Hlaing, Chairman of the State Administration Council, added that the state funds need to be used beneficially. It is needed to carry out effective and beneficial activities without prioritizing ostentation. Only when the taxes are collected in full can the development of regions and states be carried out. It is needed to maintain and use the vehicles and equipment given to ministries in an orderly manner. When appointing staff according to need, we need to appoint only the staff that is really needed.

In terms of agriculture, priority must be given to increasing the yield per acre rather than expanding the acreage. It is most beneficial to improve the yield on the existing agricultural land. We need to be able to grow and produce crops that can be exported abroad. In order to improve the fitness of our people, we need to change the eating style and make it a habit to eat rice together with wheat. Therefore, there is a need to improve wheat cultivation in areas where wheat can be grown.

Regarding the census of population and household contents, it is the government's responsibility to conduct a census every ten years according to the standard. Based on the information obtained from the census, we will be able to correctly determine the steps to be taken in the future for the state. It is not only for the correctness of the voter lists, but also for obtaining education, social and health information. Therefore, the census work, security and law enforcement are an important business for us.

Regarding investments, local entrepreneurs who can invest in the country need to be encouraged by relevant ministries and regions and states to be able to work in agriculture, livestock and manufacturing industries. Only then will domestic currency circulation be strengthened. Regarding the health care business, there are those who travel abroad and receive health care. There are other difficulties as well as spending money abroad due to such a trip. Therefore, domestic health care activities and private health care activities must be improved. Similarly, everyone needs to work together to promote the sports sector, the Senior General said.

Then, the Chairman of the State Administration Council, the Prime Minister, said in his closing speech, officials from each ministry, the regional and state officials must continue to implement their responsibilities and carry out the progress and success of their respective fields of responsibility based on the five-point roadmap and nine objectives.. It is necessary to know about the field he is responsible for, about subordinates and the situation on the ground. Therefore, the ministers must continuously study according to the field in order to get support in implementing strategic plans for the progress of business operations according to the relevant fields.

Some regions are found to be lagging behind in development. Since we are a union, their regions should not be left out, but development should be implemented according to their regions.

Regarding exports, if we can export as specified in the trade, the trade deficit will decrease. Therefore, the relevant ministers, Region and State Chief Ministers must carry out successful manufacturing activities in order to increase exports. It was reported that the meeting was adjourned after saying that he believed that if we would really work, we would be successful in all aspects of their work, and he wanted them to do their best according to the sector they were responsible for.

100


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံထုတ် S-70 Okhotnik-B တိုက်ခိုက်ရေးဒရုန်းကို ယခုနှစ်တွင် အမြောက်အမြားထုတ်လုပ်မှုစတင်မည်




ရုရှားနိုင်ငံထုတ် S-70 Okhotnik-B တိုက်ခိုက်ရေးဒရုန်းကို ယခုနှစ်တွင် အမြောက်အမြားထုတ်လုပ်မှု စတင်တော့မည်ဖြစ်ပြီး Sukhoi ဒီဇိုင်းဗျူရိုက ဒီဇိုင်းထုတ်ထားသော ဒရုန်း၏ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကနဦးမြေပြင်စမ်းသပ်မှုများကို ၂၀၁၈ ခုနှစ် ဆောင်းဦးပေါက်ရာသီတွင် ပြုလုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် S-70 Okhotnik-B ဒရုန်း၏ ပထမဆုံးပျံသန်းမှုကို Su-57 Felon တိုက်လေယာဉ်ဖြင့် အတူပြုလုပ်နိုင်ခဲ့သည်။ ထိုသတင်းများကို ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ချက်များအရ အတည်ပြုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ရုရှားနိုင်ငံအစိုးရသည် S-70 Okhotnik-B တိုက်ခိုက်ရေးဒရုန်းကို ယခုနှစ်တွင် စတင်ထုတ်လုပ်ရန်စီစဉ်ထားပြီး လျင်မြန်စွာ ဖြန့်ကြက်အသုံးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး Sergei Shoigu က ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ပြောကြားခဲ့သည်။

ထိုသို့ ကနဦး ထုတ်ဖော်ပြောကြားချက်များ ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် S-70 Okhotnik-B တိုက်ခိုက်ရေးဒရုန်းကို ကိုယ်ပျောက်စွမ်းရည်များအဆင့်မြှင့်တင်ရန် သိသိသာသာ တိုးတက်မှုများပြုလုပ်လာခဲ့ကြပြီး အင်ဂျင်နှစ်လုံးတပ်၊ Saturn AL-31 တာဘိုဂျက်အင်ဂျင်ကိုအနီအောက်ရောင်ခြည်လှိုင်းထွက်ရှိမှုနှင့် ဒရုန်းယာဉ်၏ ရေဒါဖြတ်ပိုင်းဧရိယာကိုလျှော့ချရန် ပြုပြင်မွမ်းမံခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် S-70 Okhotnik-B တိုက်ခိုက်ရေးဒရုန်းကို ဖြန့်ကြက်သုံးလာနိုင်ဖွယ်ရှိသည်ဟူသော ရေးသားချက်များ ၂၀၂၂ ခုနှစ်ကတည်းက ထွက်ပေါ်ခဲ့သော်လည်း ရုရှားလေကြောင်းနှင့်အာကာသတပ်ဖွဲ့အနေဖြင့် တရားဝင် တပ်ဖြန့်အသုံးပြုမှုနှင့်ပတ်သက်၍ မှတ်ချက်တစ်စုံတစ်ရာပေးထားခြင်းမရှိသလို အထောက်အထားလည်း မတွေ့ရှိ ခဲ့ရပေ။ မည်သို့ပင်ဆိုစေကာမူ S-70 Okhotnik-B ဒရုန်းစီးရီးလိုက်ထုတ်လုပ်မှုကို ၂၀၂၄ ခုနှစ်၏ ဒုတိယနှစ်ဝက်တွင် စတင်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ၂၀၂၅ ခုနှစ်မတိုင်မီ စစ်ဆင်ရေးဖြန့်ကြက်အသုံးပြုနိုင်ရန် ဆောင်ရွက်နေကြောင်း Novosibirsk ဒေသ၏ဒုတိယအုပ်ချုပ်ရေးမှူး Sergei Semka က ထုတ်ဖော်ပြောကြားလာခဲ့သည်။

သို့သော်လည်း S-70 Okhotnik-B တိုက်ခိုက်ရေးဒရုန်း၏ သီးခြားအခန်းကဏ္ဍနှင့် ရုရှားတပ်ဖွဲ့များထံ လွှဲပြောင်းပေးပို့ရမည့် တပ်ဖွဲ့အရေအတွက်နှင့် စပ်လျဉ်းသည့် မေးခွန်းများကျန်ရှိနေသည်။ ၎င်းသည် Su-57 Felon တိုက်လေယာဉ်နှင့်အတူ လိုက်ပါတာဝန်ထမ်းဆောင်နိုင်သည့်အပြင် စစ်မြေပြင်အခြေအနေများတွင် သီးခြားတိုက်ခိုက်ရေးတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ S-70 Okhotnik-B တိုက်ခိုက်ရေးဒရုန်းသည် ရန်သူ့လေယာဉ်များကို အလှမ်းခွာ၍ တာဝေးမှ ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည့် အဖျက်စွမ်းအားပြင်း တိုက်ခိုက်ရေးဒရုန်းအဖြစ် ရုရှားနိုင်ငံ တာဝန်ရှိသူများက ဖော်ပြခဲ့သည်။ ၎င်း၏ လက်တွေ့တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုမှုကို မတွေ့ရသေးပေ။

ရုရှားထုတ် S-70 Okhotnik-B တိုက်ခိုက်ရေး ဒရုန်းအမျိုးအစားသည် မီတာ ၂၀ ရှိသော တောင်ပံတစ်စုံဖြင့် အမျိုးမျိုးသော တိုက်ပွဲဝင်အခြေအနေများတွင် ထိထိရောက်ရောက် ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။ S-70 Okhotnik-B တိုက်ခိုက်ရေးဒရုန်းသည် အလေးချိန်နှင့်ပတ်သက်သော နည်းပညာအချက်အလက်များကွဲပြားနေပြီး ပုံမှန်အားဖြင့် အလေးချိန် ကီလိုဂရမ် ၁၀၀၀၀ နှင့် ၂၀၀၀၀ ကြားရှိသောကြောင့် အကြီးစားဒရုန်းအဖြစ် သတ်မှတ်နိုင်သည်။ ၎င်းတွင် ဒရုန်းအပါအဝင် တင်ဆောင်နိုင်သော အလေးချိန် ကီလိုဂရမ် ၂၅၀၀၀ ဖြစ်ပြီး သိသာထင်ရှားသော Payload တင်ဆောင်နိုင်မှုကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Imminent start of mass production of Russian drone S-70 Okhotnik-B in 2024 ကို ဘာသာပြန်ဆိုထားပါသည်။**

## General Atomics ကုမ္ပဏီက Gray Eagle 25M ဒရုန်းကို ပထမအကြိမ် အောင်မြင်စွာစမ်းသပ်ပျံသန်းခဲ့

အမေရိကန်နိုင်ငံ General Atomics ကုမ္ပဏီသည် ၎င်း၏ Gray Eagle 25M ဒရုန်းကို ပထမအကြိမ် စမ်းသပ်ပျံသန်းမှုကို ကယ်လီဖိုးနီးယားပြည်နယ် El Mirage မြို့တွင် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒရုန်းသည် အမေရိကန်ကြည်းတပ်၏ MQ-1 Predators ကို အဆင့်မြှင့်တင်ရန်တီထွင်ထားသည့် MQ-1C အလယ်အလတ် အမြင့်ပျံ၊ လေထဲကြာရှည်ပျံနိုင်သော ဒရုန်းအမျိုးအစားများ၏ နောက်ဆုံးထွက်ရှိထားသည့် ဗားရှင်းလည်းဖြစ်သည်။ Gray Eagle 25M နောက်ဆုံးထွက်ဗားရှင်းတွင် အဆင့်မြှင့်ဒေတာလင့်ခ်များ၊ အဆင့်မြှင့်တင်ထားသောအင်ဂျင်များ၊ Open Architecture ဒီဇိုင်းနှင့် မြေပြင်စနစ်များကို အီလက်ထရွန်နစ် ခြိမ်းခြောက်မှုများနှင့် ရှုပ်ထွေးသောပတ်ဝန်းကျင်အခြေအနေများတွင် ကင်းထောက်ပျံသန်းမှုများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

El Mirage မြို့တွင် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့မှုသည် အမေရိကန်နိုင်ငံ အမျိုးသားအစောင့်တပ်ဖွဲ့များ၊ နယ်ပယ်စုံ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော ဒရုန်းများနှင့် ပေါင်းစပ်အသုံးပြုနိုင်ရန်အတွက် General Atomics ကုမ္ပဏီနှင့် အမေရိကန်ကြည်းတပ်တို့၏ လက်ရှိလုပ်ဆောင်နေဆဲ ပူးပေါင်းဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

သရုပ်ပြစမ်းသပ်မှုတွင် Gray Eagle 25M ဒရုန်းသည် ၎င်း၏အဆင့်မြှင့်တင်ထားသော အလိုအလျောက် ပျံသန်းမှုစွမ်းဆောင်ရည်ကို သက်သေပြရန် ကွန်ပျူတာဖြင့် အချက်အလက်တွက်ချက်လုပ်ဆောင်ခြင်း၊ ဒေတာသိုလှောင်မှုစွမ်းရည်တို့ကို ပြသနိုင်ခဲ့သည်။ ထို့ပြင် ဒရုန်းတွင် တပ်ဆင်အသုံးပြုထားသော HFE 2.0 အင်ဂျင်အသစ်နှင့် ပါဝါထောက်ပံ့မှုစနစ်များကိုလည်း စမ်းသပ်ပြသခဲ့သည်။

နယ်ပယ်စုံစစ်ဆင်ရေး ပတ်ဝန်းကျင်အခြေအနေများတွင် စစ်သားများသည် လူသားတို့၏စွမ်းဆောင်မှုနှင့် စက်ကိရိယာအများအပြားအသုံးချမှုတို့ကို လျှော့ချနိုင်ရန် ယခုကဲ့သို့ ဒရုန်းများ မရှိမဖြစ်လိုအပ်လာသည်။ Gray Eagle 25M ဒရုန်းသည် ကြံ့ခိုင်ထိန်းသိမ်းရေး ကုန်ကျစရိတ်ပါ လျှော့ချနိုင်စေမည်ဖြစ်သည်ဟု General Atomicsကုမ္ပဏီဥက္ကဋ္ဌ David Alexander က ပြောကြားခဲ့သည်။



El Mirage မြို့၌ သရုပ်ပြစမ်းသပ်မှုသည် Gray Eagle ဒရုန်းကို အဆင့်မြှင့်တင်ထုတ်လုပ်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် General Atomics ကုမ္ပဏီတို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့မှု၏ နောက်ဆက်တွဲ လုပ်ဆောင်ချက်တစ်ရပ်လည်း ဖြစ်သည်။ အဆိုပါစာချုပ်သည် ယခုနှစ်နှောင်းပိုင်းတွင် Gray Eagle 25M ဒရုန်းများကို မှာယူထားခြင်းဖြစ်ပြီး အရေအတွက်ကိုမူ ထုတ်ဖော်ပြောကြားထားခြင်းမရှိပေ။ တပ်ဖြန့်ပြီးသည့်အချိန်မှစ၍ ဒရုန်းများကို လာမည့် ၂၀၅၀ ပြည့်နှစ်လွန်ကာလများထိ အမေရိကန်ကြည်းတပ်က အသုံးပြုနိုင်လိမ့်မည်ဟု General Atomics ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

**General Atomics Gray Eagle 25M Completes Maiden Flight ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် နေပြည်တော်ဇုန်အသင်းနှင့် မိတ္ထီလာဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။

☆ ကျောဖုံးမှအဆက်

တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော် အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် နေပြည်တော်ဇုန်နှင့် မိတ္ထီလာဇုန်အသင်းတို့ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပထမပိုင်းပွဲကစားချိန် ၄၄ မိနစ်တွင် ရရှိသည့် ပင်နယ်တီသွင်းဂိုးဖြင့် နေပြည်တော်ဇုန်အသင်းက ပွဲကစားချိန် ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ဒုတိယပိုင်းပွဲကစားချိန် ၆၂ မိနစ်တွင် မိတ္ထီလာဇုန်အသင်းက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၆၅ မိနစ်တွင် နေပြည်တော်ဇုန်အသင်းက အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သောကြောင့် ပွဲကစားချိန် ပြီးဆုံးချိန်တွင် နေပြည်တော်ဇုန်အသင်းက မိတ္ထီလာဇုန်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းဆု၊ အကောင်းဆုံးအလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆု၊ ဂိုးသွင်းအများဆုံး အားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ပိုးရယ်အောင်သိန်း၊ ဒေါ်ခွဲဘူ၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များနှင့် စာမျက်နှာ ၁၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဒုတိယဆုရရှိသည့် မိတ္ထီလာဇုန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက တတိယဆုရရှိသည့် မကွေးဇုန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက ဂိုးသွင်းအများဆုံးကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က အကောင်းဆုံးရှေ့တန်းကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် နေပြည်တော်ဇုန်အသင်းနှင့် မိတ္ထီလာဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုအား လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များကို တွေ့ရစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက တတိယဆုရရှိသည့် မကွေးဇုန်အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဒုတိယဆုရရှိသည့် မိတ္ထီလာဇုန်အသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းအား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

➤ ➤ ➤

**စာမျက်နှာ ၁၇ မှအဆက်**

တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှိပြီးသား စိုက်ပျိုးမြေများပေါ်တွင်သာ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းသည် အကျိုးအရှိဆုံးပင်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့နိုင်သည့် ဈေးကွက်သေချာသောသီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့ပြည်သူများ၏ ကြံ့ခိုင်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် စားသောက်မှုပုံစံကိုလည်း ပြောင်းလဲရန်လိုပြီး ဆန်စားသုံးမှုနှင့်အတူ ဂျုံကိုပါတွဲဖက်၍ စားသုံးသည့် အလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ဂျုံစိုက်ပျိုး၍ရသည့် ဒေသများ၌လည်း ဂျုံစိုက်ပျိုးမှုများ တိုးတက်စေရေးဆောင်ရွက်ပေးကြရန်လိုကြောင်း။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးနှင့် ပတ်သက်ပြီး စံနှုန်းသတ်မှတ်ချက်အရ ၁၀ နှစ်လျှင် တစ်ကြိမ်ကောက်ယူရန်မှာ အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူမှုကရရှိလာသည့် အချက်အလက်များအပေါ် မူတည်၍ နိုင်ငံတော်အတွက် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များကို မှန်မှန်ကန်ကန်ချမှတ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိရေးအတွက်ကိုသာမကဘဲ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာအချက်အလက်များ ရရှိရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၊ လုံခြုံရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းသည် မိမိတို့အတွက် အရေးကြီးသည့်လုပ်ငန်းများပင်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍လည်း နိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံနိုင်သည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးလည်ပတ်မှုများ အားကောင်းလာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍လည်း ပြည်ပသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေခြင်းများ ရှိကြောင်း၊ ထိုသို့သွားရောက်ရခြင်းကြောင့် ပြည်ပသုံးစွဲငွေများရှိသကဲ့သို့ အခြားအခက်အခဲများလည်းရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ အားကစားကဏ္ဍမြင့်မားရေးအတွက်လည်း အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် မိမိတို့၏တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့အပေါ် အခြေခံ၍ မိမိတို့တာဝန်ယူထားရသည့် နယ်ပယ်အလိုက် လုပ်ငန်းရပ်များ တိုးတက်အောင်မြင်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ယူထားသည့် နယ်ပယ်အကြောင်း၊ လက်အောက်ဝန်ထမ်းများ၏အကြောင်း၊ မြေပြင်အခြေအနေအကြောင်းကို ခြေခြေမြစ်မြစ်သိရှိထားရန်လိုကြောင်း၊ ထို့ကြောင့် ဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာနယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်မှုရှိစေရေးအတွက် မဟာဗျူဟာစီမံချက်များ အကောင်အထည်ဖော်ချမှတ်ရာတွင် အထောက်အကူရရှိစေရေး နယ်ပယ်အလိုက် စဉ်ဆက်မပြတ်လေ့လာနေရမည်ဖြစ်ကြောင်း။

အချို့သောဒေသများသည် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့သည် ပြည်ထောင်စုဖြစ်သည့်အတွက် ၎င်းတို့ဒေသများကိုလည်း ချန်လှပ်ထား၍ရမည်မဟုတ်ဘဲ ၎င်းတို့ဒေသနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ပို့ကုန်နှင့်ပတ်သက်၍ ကုန်သွယ်မှုတွင် သတ်မှတ်ထားသည့်အတိုင်း တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုလိုငွေ လျော့ကျလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက လုပ်ငန်းရပ်များအားလုံး အောင်မြင်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်းနှင့် မိမိတို့တာဝန်ယူထားရသည့်ကဏ္ဍအလိုက် အင်ပြည့်အားပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများဆိုင်ရာ ဒီပလိုမာသင်တန်း အပိုင်း(၁) အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံစာရင်းကောင်စီကကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင်ဖွင့်လှစ်သည့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများဆိုင်ရာ ဒီပလိုမာသင်တန်း (Diploma in International Financial Reporting Standards-Dip IFRS) အပိုင်း(၁) အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက သင်တန်းသားများအနေဖြင့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ၏သဘောတရား၊ IFRS အသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲပြုစုခြင်းဆိုင်ရာ နည်းလမ်းများကို သိရှိနားလည်သဘောပေါက်ပြီး သင်ကြားပို့ချမှုများကို လက်တွေ့လိုက်နာကျင့်သုံးနိုင်သည်အထိ အလေးထား သင်ယူလေ့လာ မှတ်သားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် IFRS စာရင်းစံ ကိုးခုကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အခြားဝန်ကြီးဌာနများမှ သင်တန်းသားစုစုပေါင်း ဦးရေ ၉၀ တက်ရောက်ကြောင်း၊ သင်တန်းကာလမှာ ဇန်နဝါရီ ၁၈ ရက်မှ မေ ၄ ရက်ထိ သုံးလကြာဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းအောင်မြင်သူများအနေဖြင့် Dip IFRS အပိုင်း(၂) သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပြီး အပိုင်း(၃) သင်တန်းအထိ အောင်မြင်ပြီးမြောက်သူများကို ဒီပလိုမာဘွဲ့ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်(စနေနေ့)ည ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC (1)၌ခမ်းနားထည်ဝါစွာစီစဉ်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ညနေ ၄ နာရီခွဲမှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD Channel၊ MRTV Farmers' Channel၊MRTV Sports Channel၊MRTV Parliament Channelနှင့် MWD-HD Channel၊ MWD Variety-HD Channel၊ Channel Light Channel၊ MWD Education, Knowledge & Sports Channel၊ Golden Land Channel၊ WAF Channel၊ TVM Channel တို့အပြင် Channel-7၊ Readers' Channel၊ 5-Plus၊ Channel-9၊ MNTV၊ Myanmar Movies၊ Myanmar Arts Channel၊ Fortune Channel၊ Channel K၊ M Entertainment Channel နှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ FM ပုဂံ၊ Star FM၊ သဇင် FMတို့အပြင် MOI Website၊ MOI Youtube၊ MRTV Website၊MRTV App: အပါအဝင် Online Media တို့မှလည်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပခဲ့သည့် နယ်စပ်ဖြတ်ကျော်စက်မှုလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂**

သောကြာနေ့စကားဝိုင်း (Friday Talk)၏ အမှတ်စဉ်(၄၄) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးတင်ပြမည့် အကြောင်းအရာတွင် RCEP စာချုပ်ဝင်နိုင်ငံများအကြား ပုဂ္ဂလိကစက်မှုလုပ်ငန်းများ (MSMEs) နှင့် ကုန်သည်နှင့်စက်မှု လုပ်ငန်းရှင်များအကြား လွတ်လပ်သော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုဆိုင်ရာ အကြောင်းအရာများသာမက ရင်းနှီးမြှုပ်နှံမှု၊ စက်မှုလုပ်ငန်း၊ ကုမ္ပဏီဥပဒေဆိုင်ရာ အကြောင်းအရာများပါဝင်သဖြင့် ဝန်ထမ်းများအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးအေးပိုက်က "တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဖြတ်ကျော်စက်မှုလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက အသိပညာမျှဝေဆွေးနွေးမှုမှတစ်ဆင့် မိမိနိုင်ငံအတွက် အကျိုးရှိစေမည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲသို့ ဒုတိယဝန်ကြီးဦးဝင်းရှိန် တက်ရောက်



**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့်အသိအမှတ်ပြုရေးကော်မတီ(ACC)နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာအလုပ်အကိုင်အလိုက်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီဝင်များ၊ UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ၊ စစ်ဆေးရေးမှူးများ၊ စစ်ဆေးအကဲဖြတ်သူများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အလုပ်သမားဝန်ကြီးဌာနသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နေသော မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) တွင် Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီထိအလုပ်အကိုင် ၄၀ တွင် ဖြေဆို သူ ၂၇၄၂၈ ဦးအနက် ၂၅၁၁၄ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ်အသိအမှတ်ပြုခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လျာထားချက်ကျော်လွန်၍ အလုပ်အကိုင် ၂၈ မျိုးအတွက် လုပ်သား ၅၇၇၄ ဦး စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်းလုပ်သား ၃၅၀၀ကို စစ်ဆေးအကဲဖြတ်ရန်လျာထားခဲ့ရာ လက်ရှိအချိန်ထိအလုပ်အကိုင်၂၉ မျိုး အတွက် ဖြေဆိုသူ ၂၇၇၅ ဦးတွင် အရည်အသွေးပြည့်မီသူ ၂၅၇၄ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုနိုင်ခဲ့ပြီးဖြစ်၍ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အလုပ်အကိုင် ၄၈ မျိုးအတွက် ဖြေဆိုသူ ဦးရေ ၅၀၀၀ စစ်ဆေးအကဲဖြတ်ရန်လျာထားကြောင်း။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ အလုပ်အကိုင် ငါးမျိုးအတွက် ကျွမ်းကျင်လုပ်သား ၄၀၃ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အသိအမှတ်ပြုTrade Wind Training Center သို့ ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် သင်တန်းကျောင်းတာဝန်ခံက Trade Wind Training Center ဆိုင်ရာ အချက်အလက်များနှင့် သင်တန်းများဖွင့်လှစ်ပို့ချနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သင်ကြားပို့ချသည့် သင်တန်းများကို အရည်အသွေးပြည့်ဝသည့်သင်တန်းများဖြစ်စေရေးနှင့် မိမိတို့သင်တန်းဆင်းများကို သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး အလုပ်ရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးစေလိုကြောင်းဖြင့်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရိုးရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးဦးဇင်မင်းထက် တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ရိုးရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင်နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ခြင်းလုံးခတ်ပညာသည် မြန်မာလူမျိုးများ၏ မူပိုင်အားကစားတစ်ရပ်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အလယ်တွင် ခြင်းလုံးပညာကို ပြိုင်ပွဲအသွင်နှင့် နည်းစနစ်မှန်ကန်စွာ ခတ်ကစားပြသခဲ့ပြီး ဆက်လက်တိုးတက်ပြန့်ပွားနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ပြိုင်ပွဲများတွင် ထည့်သွင်းကျင်းပနိုင်ရေး စည်းရုံးဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်မှလည်း လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းဆရာများမှ သင်ကြားပို့ချပေးသည့် စာတွေ့လက်တွေ့ သင်ခန်းစာများကို ဂရုတစိုက်လေ့လာမှတ်သားလိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ရိုးရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်မှ ၉ ရက်ထိ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ သင်တန်းသား၊ သင်တန်းသူ ၄၈ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကျင်းပ




နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက် များအား ထပ်ဆင့် ရှင်းလင်းခြင်း အခမ်းအနား ကျင်းပစဉ်။

**မန္တလေး ဖေဖော်ဝါရီ ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးဝန်ကြီးများအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှေ့ဆက်ဆောင်ရွက်မည့်ကာလများတွင် စိတ်ဓာတ်အသစ်၊ခွန်အားအသစ်တို့ဖြင့် မျှော်မှန်းချက်များအောင်မြင်အောင် မိမိကျရာအခန်းကဏ္ဍမှ ထိထိရောက်ရောက်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး အထူးအလေးထားဆောင်ရွက်ရန်၊ MSMEလုပ်ငန်းများကို ယခုထပ်ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ရန်တို့နှင့် စပ်လျဉ်း၍ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်များအတိုင်း ပြည့်ဝစွာပိုမိုတိုးတက်အောင်ဆောင်ရွက်ရေး၊ ပြီးခဲ့သည့်ကာလများအတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှ အားသာချက် အားနည်းချက်အတွေ့အကြုံရလဒ်များအပေါ် ပြန်လည်သုံးသပ်ကာ ရှေ့ဆက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအား ယခင်ထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကို အင်တိုက်အားတိုက်ဆောင်ရွက်ကြရန် တွန်းအားပေး ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်များတပ်ဆင်အပ်နှင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်အားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးတေဇကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်က လက်နက်များတပ်ဆင်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်နှင့်တိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များအပ်နှင်းပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များတပ်ဆင်အပ်နှင်းပေးစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၊ ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက နယ်မြေခံတပ်ရင်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အခက်အခဲများနှင့်ကြုံတွေ့နေရသောမြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ အမြန်ပြန်လည်ပို့ဆောင်ပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးအနေဖြင့် အီရတ်နိုင်ငံရှိ အာဏာပိုင်များနှင့် ညှိနှိုင်းပြီး နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ အီရတ်နိုင်ငံရောက်မြန်မာနိုင်ငံသားများသည် ဖေဖော်ဝါရီ ၁ ရက်က ဘဂ္ဂဒက်မြို့မှ ဘဂ္ဂဒက်-ဒူဘိုင်းလေယာဉ်ခရီးစဉ်ဖြင့် ဒူဘိုင်းသို့ထွက်ခွာခဲ့ပြီး ယနေ့တွင် ဒူဘိုင်းမှ ဒူဘိုင်း-ဗန်ကောက်လေယာဉ်ခရီးစဉ်ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ရောက်ရှိပြီး ညနေ ၅ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ တစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

ထိုသို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည့်မြန်မာနိုင်ငံသားများကို နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့်ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရခိုင်အမျိုးသားကွန်ရက်အဖွဲ့တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိလာသော အီရတ်နိုင်ငံရောက်မြန်မာနိုင်ငံသားများမှာ မဟာန်နီထွန်း၊ မမြတ်အေးစံ(ခ)ဝေဝေ၊ မသန်းနွယ်ဋ္ဌေးတို့ သုံးဦးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မတ္တရာတွင် တပ်မတော်က တစ်ရက်တည်း ရွာလေးရွာကို မီးရှို့ပြီး လက်နက်ကြီးနဲ့ပစ်လို့ ထိခိုက်သူတွေရှိဟု မဟုတ်မမှန်သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အရှေ့ခြမ်းက ကျေးရွာ လေးရွာကို တပ်မတော်က မီးရှို့ဖျက်ဆီးခဲ့တဲ့အပြင် လက်နက်ကြီးနဲ့ပစ်ခတ်တာကြောင့် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေလုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံရွာသားများထံက ကြားသိရသော သတင်းများအရ အဆိုပါကျေးရွာများတွင် PDF အကြမ်းဖက်အဖွဲ့များက ကျေးရွာတွင်းဝင်ရောက်စုဖွဲ့မှုများပြုလုပ်ကာ တပ်မတော်စစ်ကြောင်းများ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည်ကို ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်း၊ အခွင့်မသာပါက ကျေးရွာအား မီးရှို့ထွက်ပြေးခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းလုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု သတင်းမှားများကို တစ်ဖက်သတ်လုပ်ကြံရေးသားကာ လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ပုလောမြို့နယ် နန်းပရုပ်ကျေးရွာမှ သံဃာတော် ခြောက်ပါးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းအဖြစ် ဖမ်းဆီးသွားခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် နန်းပရုပ်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နှစ်ရက်ကြာ ဝင်ရောက်တပ်စွဲခဲ့ပြီးနောက် ပြန်သွားချိန် ဖေဖော်ဝါရီ ၁ ရက်တွင် အဆိုပါဘုန်းကြီးကျောင်းမှ သံဃာတော် ခြောက်ပါးကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နန်းပရုပ်ကျေးရွာဘုန်းကြီးကျောင်းတွင် ဝင်ရောက်တပ်စွဲခဲ့ခြင်းမရှိသကဲ့သို့ သံဃာတော်များကိုလည်း ဖမ်းဆီးခြင်းမရှိပါကြောင်း သိရှိရသည်။

ပုလောမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးမီဒီယာများက ကောလာဟလသတင်းများဖြင့် သွေးထိုးလှုံ့ဆော်ပြီး နယ်မြေတည်ငြိမ်မှုပျက်ပြားစေရန်အတွက် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ko Taylay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အမှတ်(၁)ရပ်ကွက်(မြို့သစ်)နေ တင်ဝင်းလှိုင်ကို ညနေ ၄ နာရီ မိနစ် ၅၀ တွင် ကျည်တောင်ကန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၄၂၈၉ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆီထွက်သီးနှံ ၂၄၂၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၄၂၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၂၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျောက်မြောင်းမြို့နယ်ခွဲမှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံ ၂၄၂၇၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ အခု ၂၄၂၈၉ ဧက စိုက်ပျိုးပြီးပါပြီ။ ဆီထွက်သီးနှံကို လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားသုံးဆီဖူလုံဖို့အတွက် ဆီထွက်သီးနှံ တိုးတက်စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆီထွက်သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၁၁၀၁၃ ဧက၊ နှမ်း ၁၃၁၂၇ ဧက၊ နေကြာ ၁၄၉ ဧက စုစုပေါင်း ၂၄၂၈၉ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲ ၁၁၀၀၂ ဧက၊ နှမ်း ၁၃၁၂၅ ဧက၊ နေကြာ ၁၃၈ ဧက စုစုပေါင်း ၂၄၂၇၅ ဧကဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံစိုက်တောင်သူများကို ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်ဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်ထွက် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းနေ

**ဖျာပုံ ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ထွက် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းနေကြောင်း ဖျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက်ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းရှင် ဒေါ်စမ်းစမ်းအေးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်ထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိပြီး ဇန်နဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ရန်ကုန်ဈေးကွက်သို့ ဒေသထွက် မျှင်ငါးပိ ပိဿာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချထားရကြောင်း၊ အဆိုပါဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းလျက်ရှိကြောင်း သိရသည်။

"ဖျာပုံဒေသထွက် မျှင်ငါးပိတွေက လူကြိုက်များပါတယ်။ သန့်ရှင်းမှုကို ဦးစားပေးဆောင်ရွက်ထားပါတယ်။ သန့်စင်ပြီး အရသာလဲရှိတာကြောင့် ရန်ကုန်က ဝယ်လက်တွေက ချိတ်ဆက်မှာယူတာများပါတယ်။ ဒေသထွက် မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ ပါတယ်။ အခုလို မျှင်ငါးပိတွေ



မျှင်ငါးပိ ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၈၅၀၀၀ ရရှိပါတယ်။ ဇန်နဝါရီလ ဒုတိယပတ်ကနေ ဒီနေ့ထိ ပိဿာချိန် ၆၀၀၀၀ ကျော်လောက်ထိ တင်ပို့ရောင်းချရပါတယ်။ မျှင်ငါးပိတွေ ဝယ်လိုအားကောင်းလာပါတယ်။ အခုလို မျှင်ငါးပိတွေ အရောင်းအဝယ် ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါအဆင်ပြေတာပေါ့"ဟု ဖျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက်ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းရှင် ဒေါ်စမ်းစမ်းအေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသခံရေလုပ်သားများ ပင်လယ်ပြင်ကရရှိသော မျှင်ကောင်များကို ဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ်ထုတ်လုပ်ရောင်းချနေခြင်းဖြစ်ကြောင်း၊ အဆိုပါ မျှင်ငါးပိ ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းသည် ဒေသထုတ်ကုန်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး မျှင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သားအနည်းဆုံး ၁၀ ဦးမှ ၁၅ ဦးထိ အလုပ်အကိုင် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ် နားတပ်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နားတပ်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများက နားတပ်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်း အတိုင်း အတာ ပြည့်မီခြင်းရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက လုပ်ငန်းပြီးစီးမှုကို ရှင်းလင်းပြသရာ ခေတ္တမြို့နယ်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

တန့်ယန်းမြို့နယ် နားတပ်ကျေးရွာ၌ အလျား ၄၅ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ခုနစ်သန်း စုစုပေါင်းငွေကျပ် ၂၂ သန်းဖြင့် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ လူမှုရေးဆိုင်ရာအခမ်းအနားများကို အဆင်ပြေစွာဖြင့် ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဧည့်ကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝါယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**


| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

0w Nw Nd @

# အချစ်စစ်

ကိုရွှေတောသား(ဆင်ကူး)




(၁)

"ငါ့သားကြီး သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိပါစေနဲ့။ သူတော်ကောင်း သူမြတ်လောင်းနဲ့သာ တွေ့ပါစေ၊ အသံကြား သနားပါစေ၊ မျက်နှာမြင် ချစ်ခင်ပါစေ၊ အလုပ်အကိုင်တွေလဲ အဆင်ပြေပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေကွယ် "

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ အမေ"

သန်းတင် အမေ့မျက်နှာကို ခိုး၍ကြည့်မိသည်။ အမေ့မျက်ဝန်းထဲ၌ မျက်ရည်များ ဝဲခိုနေသည်။ သန်းတင်ရင်ထဲလည်း ကြေကွဲဝမ်းနည်းနေမိသည်။ မလွဲသာ၍သာ သွားရမည်။ သန်းတင် အမေနှင့်ရွာကို ခွဲပြီးမသွားလိုပေ။ အမေ့ကို စိတ်မချနိုင်ဖြစ်နေမိသည်။

"အမေ ကျန်းမာရေး ဂရုစိုက်ပါနော်။ အကြောင်းရှိရင် သားဆီဖုန်းဆက်လိုက်။ သားလဲ အမေ့ဆီ မကြာမကြာ ပြန်လာမှာပါ"

"အေးပါ သားကြီးရယ် အမေ့အတွက် ဘာမှ နောက်ဆံတင်းမနေနဲ့။ ဟိုရောက်ရင် အစားအသောက်တွေလဲ ပုံမှန်စား၊ အိပ်ရေးဝအောင်လဲအိပ်၊ ကိုယ့်ကျန်းမာရေးကိုယ်ဂရုစိုက်။ သြော်. . . မလွဲသာလို့သာ သားကြီးကို အလုပ်သွားခိုင်းရတာ။ အမေ့ရင်ထဲ မကောင်းဘူး သားကြီးရယ်။ အမေသာ ပြန်ပြီး အသက်ငယ်လိုက်ချင်တော့တယ်"

အမေဖြစ်သူ၏ မချိတင်ကဲ ပြောလိုက်သည့် စကားက သန်းတင်ရင်ထဲ ပို၍ကြေကွဲစေသည်။ အမေ့ရှေ့မှာ မျက်ရည်မကျအောင် တမင်ထိန်းထားရသည်။ အသက်အရွယ်ကြီးခါမှ သားနှင့်ခွဲရမည့်အမေ့ကို တွေးပြီး သနားနေမိသည်။

"အမေ့အတွက် သား ဆန်ရယ်၊ ဆီရယ်၊ ပဲကလေးတွေရယ် ဝယ်ထားပေးခဲ့တယ်အမေ။ ဒီမှာ အမေသုံးဖို့ ပိုက်ဆံ။ လိုအပ်တာရှိရင် ရွာထဲက စျေးဆိုင်မှာ အမေ ယူစားနိုင်ဖို့ အေးတင့်ကို သားပြောထားတယ်"

"အေးပါ သားကြီးရယ် အမေသိပါတယ်"

သန်းတင် အမေ့ကို စိတ်မချနိုင်ပေ။ တဖွဖွမှာနေမိသည်။ နောက်ဆုံး အမေ့ကို ရှိခိုးကန်တော့ပြီး ရန်ကုန်မြို့ကို တက်လာခဲ့တော့သည်။

(၂)

"ဟေ့ကောင် သန်းတင် မင်းရောက်နေတာ ကြာပြီလား။ ငါ့ကိုမနေ့က လှဦးပြောလို့သိရတာ။ မင်း အခု ဒီမှာဘာတွေလုပ်နေလဲ "

စက်ရုံသို့အသွား မင်းနိုင်နှင့် လမ်းမှာ ဆုံသည်။ မင်းနိုင်သည်လည်း သန်းတင်ကဲ့သို့ ရွာကတက်လာသူဖြစ်သည်။ လှဦးနှင့် မင်းနိုင်က ရွာကတက်လာတာ ကြာပြီဖြစ်သည်။ ရန်ကုန်မြို့၌ လည်ပတ်စွာ သွားလာနိုင်နေပြီလည်းဖြစ်သည်။ သန်းတင်သည်ကား သူ ရောက်ရှိနေသည့် ရွှေပြည်သာမြို့ကလေးထဲကိုပင် လည်ပတ်စွာ မသွားလာနိုင်သေးပေ။

"မင်းနိုင်။ သူငယ်ချင်း မင်းတွေ့တော့ ငါဝမ်းသာလိုက်တာကွာ။ မင်းကို ပြောစရာရှိတယ်"

"ဘာများတုံးကွ"

"အေးတင့်က မင်းကို လူကြုံမှာလိုက်တယ်"

"ဟင်"

သန်းတင်စကားကြားသည်နှင့် မင်းနိုင်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ အေးတင့်က မင်းနိုင်၏ ချစ်သူ။ သိပ်ချစ်ကြသည့် ချစ်သူများပင်ဖြစ်သည်။ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းများဖြစ်သည့်အတွက် သန်းတင်က အကြောင်းစုံ သိထားသည်။

"အေးတင့်က မင်းကို"

"တော်ပါကွာ သန်းတင်ရာ။ မင်း အေးတင့် အကြောင်းပြောမယ်ဆိုရင် ငါသွားတော့မယ်။ ငါနဲ့ အေးတင့်နဲ့က အစတုန်းကတော့ သိပ်ချစ်ကြတဲ့ ချစ်သူတွေပဲ။ အခုတော့ မဟုတ်တော့ပါဘူးကွာ"

သန်းတင်စကားမဆုံးခင် မင်းနိုင်က သူပြောချင်ရာပြောပြီး ထွက်သွားတော့သည်။

"မင်း ဘာတွေဖြစ်ကုန်တာလဲ မင်းနိုင်ရာ" ဟုသာ တစ်ယောက်တည်း ရေရွတ်ရင်း သန်းတင် ကျန်ရစ်ခဲ့ရသည်။

ရွာ၌ကျန်နေခဲ့သည့် မင်းနိုင်၏ချစ်သူ အေးတင့်ကို သနားနေမိသည်။ ဘာပဲဖြစ်ဖြစ် အေးတင့်အတွက် မင်းနိုင်ကို နားချဖျောင်းဖျရန် စဉ်းစားလိုက်သည်။ သို့သော် သန်းတင်၏အစီအစဉ်မအောင်မြင်ခဲ့ပေ။ မင်းနိုင်မှာ ရန်ကုန်မြို့တွင် ချစ်သူတစ်ယောက် ရှိနေခဲ့ပြီဖြစ်သည်။

(၃)

"ဟယ်လို အမေ။ အမေ နေကောင်းလား။ စားဖို့၊ သောက်ဖို့ရော ရှိသေးလား"

အမေဖြစ်သူ ဖုန်းဆက်သည်နှင့် အားရဝမ်းသာ မေးလိုက်သည်။

"ကောင်းပါတယ် သားကြီးရယ်။ သားကြီးကော နေရထိုင်ရတာ အဆင်ပြေရဲ့လား။ အလုပ်တွေကော လုပ်နိုင်ရဲ့လား။ ရွာကို ဘယ်တော့ပြန်လာမှာလဲ"

"ဟုတ်ကဲ့ ပြေပါတယ် အမေရယ်။ ဒါနဲ့ အေးတင့်ကော နေကောင်းသွားပြီလား"

ယခင်တလောက အမေ့ဆီဖုန်းဆက်တုန်း အေးတင့်တစ်ယောက် နေထိုင်မကောင်းဖြစ်ကြောင်း သန်းတင်ကြားမိသည်။ အေးတင့်ဆိုသည်လည်း သန်းတင်တို့ သားအမိအတွက် ကျေးဇူးမကင်းရှိလှသည်။ အေးတင့်ရှိနေ၍သာ ရွာမှာ အမေဖြစ်သူကို စိတ်ချလက်ချထားခဲ့၍ရခြင်းသာဖြစ်ကြောင်း သန်းတင် တွေးမိသည်။ သန်းတင် ရွာကထွက်လာသည့်နောက်ပိုင်း အမေဖြစ်သူကို အေးတင့်က လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့သည်။

"အင်း သားကြီးရေ။ သားကြီးကိုလဲ အမေက သားအမိအရင်းမို့သာ ပြောရတယ်။ ပြောမထွက်ဘူး။ မင်းသူငယ်ချင်း မောင်မင်းနိုင်ကိုကော အဆက်အသွယ်ရသေးလား။ ဘာမှမထူးခြားဘူးလား"

"မင်းနိုင်အကြောင်းတော့ မပြောချင်တော့ပါဘူး အမေရယ်။ အဲဒီကောင်က အခု ရန်ကုန်မှာ နောက်တစ်ယောက်ရှိနေပြီ။ အေးတင့်ကို သူ ဆက်ပြီး မပတ်သက်တော့ဘူးတဲ့အမေရယ်"

"ဟယ်တော် ဒီကောင်ကလေးနှယ်။ အင်း အေးတင့်လေးတော့ ကိုယ်ကျိုးနည်းပါပြီ "

ဖုန်းထဲက အမေဖြစ်သူ အသံက သန်းတင်အတွက် အလန့်တကြား ရှိလှသည်။ အမေဖြစ်သူ ပြောသည့် စကားများကို စိတ်ဝင်တစား နားထောင်နေသည်။

"ဟဲ့သားကြီး။ မင်းသူငယ်ချင်း အေးတင့်မှာ အိုကွယ် သူ့မှာ ကိုယ်ဝန်ရှိနေပြီ"

"ဗျာ အမေဘာပြောလိုက်တယ်"

"ဟုတ်တယ် သားကြီးရေ။ အေးတင့်မှာ မင်းနိုင်နဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီ"

"ဖြစ်မှဖြစ်ရလေ အေးတင့်ရာ"

အမေဖြစ်သူ ဖုန်းချသွားသည့်တိုင် သန်းတင် ဖုန်းကို နားကမခွာနိုင်စွာ မှင်တက်ငေးမောနေမိတော့သည်။

(၄)

"အေးတင့် နင်အဆင်ပြေရဲ့လား"

အကြောင်းသိသူချင်းဖြစ်၍သာ မေးရသည်။ မေးမိသည့်အတွက် အေးတင့်ကို သန်းတင် အားနာနေမိသည်။

"ပြေ ပြေပါတယ် သန်းတင်ရယ်။ ဒါပေမဲ့ ကြာရင်တော့"

စကားကိုဆက်မပြောနိုင်ဘဲ တစ်ဖက်သို့လှည့်သွားသည့် အေးတင့်ရင်ထဲ ဘယ်လိုခံစားနေရမည်နည်း။ တွေး၍ပင် သန်းတင်သိနေသည်။ အေးတင့်၏ ပခုံးနှစ်ဖက်ကို ယုယညင်သာစွာ လှုပ်ခါပြီး စကားတစ်ခွန်း ပြောလိုက်သည်။

"အေးတင့်ရယ်။ နင် ခံစားနေရသလို ငါလဲခံစားနေရတာပါဟာ။ ငါတကယ်ချစ်မြတ်နိုးလျက်နဲ့ မဆူးရက်၊ မခြေရက် အရိပ်တကြည့်ကြည့် ကြည့်နေရတဲ့ နင့်ကိုမှ ဒီကောင် ထားခဲ့ရက်တယ်ဟာ"

သန်းတင်ပြောသမျှ အေးတင့်က ငြိမ်သက်လျက် နားထောင်နေသည်။ ပခုံးပေါ်ရောက်နေသည့် သန်းတင်၏လက်နှစ်ဖက်ကိုလည်း ပုတ်ခါ၍မချပေ။ သန်းတင်က စကားကိုရှေ့ဆက်၍ ပြောနေသည်။

"တကယ်တော့ ဟိုးအရင် ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ငါ နင့်ကိုချစ်ခဲ့ရတာပါ အေးတင့်ရာ။ ဒါပေမဲ့ ငါတို့ဘဝက အမေတစ်ခု သားတစ်ခု ပစ္စည်းဥစ္စာမရှိတဲ့ဘဝမို့ နင့်လို ရွှေပေါ်မြတင် ကြီးပြင်းလာတဲ့ သူဌေးသမီးလေးကို ငါ ဘယ်မှန်းရက်ခဲ့ပါ့မလဲ။ မြိုသိပ်နေခဲ့ရတာပါဟာ အေးတင့်ရယ်"

"ဟင်"

"ငါလေ နင့် နင့်ကို လက်ထပ်ချင်တယ်။ နင် ငါ့အချစ်ကို လက်ခံပေးပါလား အေးတင့်ရယ်"

"အို မဟုတ်တာသန်းတင်ရယ်။ အခု အခုငါ့မှာက"

"တော်ပါ အေးတင့်ရာ။ အဲဒါတွေခေါင်းထဲမထားနဲ့တော့။ တို့နှစ်ယောက် ရှေ့ဆက်မဲ့ဘဝမှာ နင့်ကို အဲဒီအတွေးတွေ မတွေးစေချင်ဘူး။ ငါ ငါစိတ်ရင်းနဲ့ ပြောတာပါဟာ တကယ်ပါ"

"သန်းတင်။ နင် နင် အခုအချိန်မှာ ငါ့ကို ဒီစကားတွေ မပြောသင့်တော့ဘူးလေဟယ်"

"မဟုတ်ဘူး အေးတင့်။ ငါ ပြောကိုပြောရမယ် အေးတင့်။ ငါနင့်ကို အဆုံးရှုံးမခံနိုင်ဘူး။ ငါ နင့်ကို ချစ်တယ်။ ချစ်တာမှလေ တကယ်ကိုစစ်မှန်တဲ့မေတ္တာတရားနဲ့ကို မြတ်မြတ်နိုးနိုးနဲ့ ချစ်တာ"

"သန်းတင်ရယ်"

အေးတင့်မျက်နှာ သန်းတင်ဘက်သို့ တဖြည်းဖြည်း လှည့်လာသည်။

"ဟင် အေးတင့် ငိုနေတယ်"

အေးတင့်မျက်ဝန်းထဲ၌ မျက်ရည်များခိုတွဲနေသည်။ တဖြည်းဖြည်းဖြင့် ပါးပြင်ထက်သို့ စီးကျလာသည်။ သန်းတင်က လက်ကိုင်ပဝါလေးဖြင့် ယုယကြင်နာစွာ ဖွဖွကလေးသုတ်ပေးလိုက်သည်။

"ငိုမနေပါနဲ့တော့ အေးတင့်ရယ်။ ငါတစ်ယောက်လုံးရှိနေပြီပဲ။ နင့်ကို ဘယ်တော့မှ ဒုက္ခမရောက်စေရဘူးလို့ ငါကတိပေးပါတယ်ဟာ"

ပြောမှပင် အေးတင့်တစ်ယောက် ဝမ်းနည်းတကြီးဖြင့် ငိုချတော့သည်။ ခန္ဓာကိုယ်ကလေးယိမ်းနွဲ့ကာ ရင်ခွင်ထဲရောက်လာသည့်အေးတင့်ကို သန်းတင် ပွေ့ဖက်ထားလိုက်သည်။ အမေဖြစ်သူပြောလိုက်သည့်စကားများကို သန်းတင် အထပ်ထပ်ကြားယောင်နေမိသည်။

"လူ့ဘဝဆိုတာ ရခဲရောက်ခဲလှပါတယ် သားကြီးရယ်။ အတိတ်ဘဝတုန်းက ကုသိုလ်ကံ ပါရမီတွေကောင်းခဲ့ကြလို့သာ လူ့ဘဝကို ရခဲ့ကြတာ။ အဲဒီလို ရခဲလှတဲ့ဘဝကိုလွယ်လွယ်နဲ့ အမေကတော့ အေးတင့်ဘဝလေးကို မကုန်ဆုံးစေချင်ဘူး။ ဟိုတစ်နေ့ကပေါ့ အေးတင့်က အမေ့ကို တိုင်ပင်တယ်။ သူ့မှာ မောင်မင်းနိုင်နဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီတဲ့လေ။ မောင်မင်းနိုင်ကို ဆက်သွယ်တော့လဲ သူတာဝန်မယူနိုင်ဘူးတဲ့။ အဆက်အသွယ်လဲဖြတ်သွားတယ်တဲ့။ အဲဒီတော့ ဒီပြဿနာက ကြာလာရင် ဘူးပေါ်သလို ပေါ်လာတော့မှာ။ သူ ဘာလုပ်ရမှန်းမသိတော့ဘူးတဲ့လေ။ သူ့ကိုယ်သူ သတ်ပြီး သေချင်တော့တယ်လို့ပြောနေတယ် သားကြီးရယ်။ သူ့ရင်ထဲ ဘယ်လောက်ပူလောင်ပြီး ခံရခက်နေမလဲဆိုတာ အမေက မိန်းမချင်းမို့သိတယ်။ ကိုယ်ချင်းလဲစာတယ်။ ဒါကြောင့်လေ အမေက သားကြီးကို အခုလိုပြောရတာ။ အေးတင့်လေးကို သားကြီးလဲ တစ်ချိန်တုန်းက မေတ္တာသက်ဝင်နေခဲ့တာပဲမဟုတ်လား။ အေးတင့်လေးကို ကူညီတဲ့အနေနဲ့ကော၊ ကိုယ်ချင်းစာမေတ္တာထားတဲ့အနေနဲ့ကော အမေ့သားကြီးက တာဝန်ယူပေးလိုက်ပါလားကွယ်"

အမေဖြစ်သူစကားကို နားထောင်၍ အေးတင့်ကို လက်ထပ်ခွင့်တောင်းရသည်ထက် အေးတင့်ကို အမြစ်မမြင်ဘဲ ရင်ထဲက မေတ္တာစစ်နှင့် ချစ်ခဲ့မိ၍သာ ယခုကဲ့သို့ ဆုံးဖြတ်လိုက်ရသည့် အကြောင်းရင်းကိုဖြင့် နောင်တစ်ချိန်၌ အေးတင့်တစ်ယောက် ပကတိယုံကြည်လာနိုင်မည်မှာ မလွဲနိုင်ပါကြောင်း သန်းတင် တွေးရင်း အေးတင့်၏ ချစ်စရာကိုယ်လုံးလေးကို ယုယကြင်နာစွာ ပွေ့ဖက်ထားလိုက်ပါတော့သည်။

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၆၅ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ခရမ်းသီးစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၇၅ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၅၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ အခု ဧက၁၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ သခွား၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ မုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၉၁၄၃၆ ဧက ရိတ်သိမ်းပြီးစီး

**ပုသိမ် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၉၁၄၃၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၉၁၄၃၆ ဧက စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၃ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးလျာထားဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ရိတ်သိမ်းပြီးဖြစ်သည့် စပါး တစ်ဧကလျှင် ၉၀ ဒသမ ၆၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ စပါး ၉၁၄၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ရိတ်သိမ်းခဲ့ပါတယ်။ လက်ရှိ မိုးစပါးဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့စပါးတွေ အထွက်နှုန်းကောင်းမွန်ပြီး စပါး အရည်အသွေး ပြည့်မီတာလဲ တွေ့ရပါတယ်။ လက်ရှိ ရိတ်သိမ်းခဲ့တဲ့ စပါးတွေ စိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီ အချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေစိုက်ပျိုးတဲ့ မိုးစပါးတွေ စပါးအထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကို သက်ဆိုင်ရာအဖွဲ့အစည်းဌာနတွေနဲ့ ချိတ်ဆက်ပံ့ပိုးပေးခဲ့ပါတယ်။ စိုက်ပျိုးရေးနည်းလမ်းတွေ မှန်ကန်စေဖို့ တောင်သူပညာပေး အသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

**ကျော်ကျော်လင်း**



# မိုင်းဖြတ်မြို့နယ် ဆွပ်ပန်း(ရှမ်း)ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဆောက်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆွပ်ပန်း(ရှမ်း) ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတား ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဆွပ်ပန်း(ရှမ်း)ကျေးရွာ၌ ကုန်ထုတ်လမ်းနှင့်တံတားဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားသည်။

မိုင်းဖြတ်မြို့နယ် ဆွပ်ပန်း(ရှမ်း) ကျေးရွာ၌ လမ်း အရှည် ၆ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ရှစ် ပေ တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇေမာ**

## သွယ်ယှက်ချစ်ခြင်း ဖြူစိတ်ရင်း

\- အဖေမေ ပြန်ချစ်ကွဲ  
မချန်ရစ်နဲ့ မေတ္တာဝေ၊  
သမီးငယ် သားအသိ  
အားပြည့်ပါစေ၊  
မိသားစု ချစ်ကမ္ဘာမြေ  
သစ္စာတွေ ကြိုးနှောင်တင်း၊  
မေတ္တာမှန် ပြယ်မပျက်  
သွယ်ယှက်ချစ်ခြင်း။

\- ချစ်မိတ်ဆွေ ဖြူစိတ်ရင်း  
ပေါင်းသင်းလို့ များသူငါ၊  
လှ့ဝန်းကျင် ဂုဏ်တန်ဖိုး  
လျှံဖြိုးဝေဖြာ၊  
ချစ်ခြင်းနဲ့ စေတနာ  
မြေကမ္ဘာ ဂုဏ်ရှင်းသန့်၊  
သာစွမြေ မေတ္တာဓာတ်နဲ့  
ရစ်ပတ်တည်တံ့။

\- ချစ်ခြင်းတွေ မြဲခိုင်ခံ့  
ဝေဖြန့်ကြ နှောင်ရစ်တွယ်၊  
လှ့ဝန်းကျင် ပြည့်အလှ  
ရှိကြရည်ရွယ်၊  
မိသားစု အစကွယ်  
ဘဝနယ် ညီတူလျှောက်၊  
မြေကမ္ဘာ တို့နေရပ်  
ပေါင်းစပ်တည်ဆောက်။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# မြင်းခြံမြို့နယ် ကန်ဆင့်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြင်းခြံ ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ဆင့်တောင်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂၄ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ဦးကို ငွေကျပ် ၂၅၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ဦးကို ငွေကျပ် ၆၆ သိန်း စုစုပေါင်း အသင်းသားအသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်သက်သက်နွယ်ထံမှ သိရသည်။

**ရွှေသန်းဉာဏ်**

# နှလုံးသားကို အလှဆင်ပါ

ထက်အောင်လူ(နံ့သာမြေ)

ရုပ်အလှအပေါ်ယံအရေပြားသည် ကြည့်ရှုခံစားမှုရသာ ရနိုင်ပေသည်။ ဥပမာအားဖြင့် ပေါက်ပန်း၊ စက္ကူပန်းနှင့် အလားသဏ္ဌာန်တူပေ၏။ ထိုရုပ်အလှသည် ရနံ့မရှိ၍ မပြည့်ဝသေးချေ။ လူ့ဝန်းကျင်၌ "ဟန်သာရှိ၍ အဆန်မရှိဟု" သတ်မှတ်ကြပေသည်။ လူတို့တွင် ရုပ်ရည်အသွင်ချောမောလှပခြင်းသည် ကောင်းမွန်လျက်တင့်တယ်ပေ၏။ ထို့ထက်မက စိတ်ထားလှရန်၊ စိတ်ထားကောင်းရန်လည်းလိုအပ်ပါသေးသည်။ သို့မှသာ အဆင်းရနံ့နှင့်ပြည့်စုံသောပန်းတစ်ပွင့်ပမာ လှပတင့်တယ်ပေမည်ဖြစ်သည်။ လူတစ်ယောက်တွင် ရုပ်အလှထက်စိတ်အလှသည် အရေးကြီးသည်။

ထို့ကြောင့် " စိတ်ကောင်းရှိဖို့က ပထမ "ဟု မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက ဆုံးမသွန်သင်ခဲ့ပေသည်။ ပညာတတ်ရေး၊ ချမ်းသာရေးတို့ထက် စိတ်ကောင်းစိတ်မြတ်ရှိကြရန်မှာ လွန်စွာအရေးကြီးပေ၏။ ပညာတတ်သော၊ ဥစ္စာပေါသော၊ ရုပ်ချောသောသူများထက် စိတ်ထားကောင်း၊ နှလုံးသားကောင်းသူများသည် အောင်မြင်ခြင်း၊ ကြီးမြတ်ခြင်းသို့ရောက်ခဲ့ကြပေသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ၏လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးတို့အတွက် ငြိမ်းချမ်းစွာဆန္ဒပြ၍ ရယူနိုင်အောင်ကြိုးပမ်းခဲ့သော မဟတ္တမဂန္ဒီသည် ရုပ်ရည်ရူပကာချောမောခံ့ညားလှသူ မဟုတ်ပါပေ။ သူ၏နှလုံးသားမှာမူ အများပြည်သူလူထုကို ရင်ဝယ်သားသို့ ချစ်ခင်ကြင်နာတတ်သောနှလုံးသားရှိသူဖြစ်၏။ ပြည်သူကချစ်ကြသော လွတ်လပ်ရေး၏ဗိသုကာဖခင် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ရုပ်ရည်ချောမောလွန်းလှ၍ မဟုတ်ပါဘဲ စိတ်ကောင်းရှိခြင်း၊ ပြည်သူကိုမေတ္တာစေတနာနှင့်ကြည့်တတ်သောနှလုံးသားရှိခြင်းကြောင့် မြန်ပြည်တစ်ခွင်၌ သူ၏ရုပ်ပုံပန်းချီ၊ ပန်းပုနှင့်စာကဗျာအစရှိသည်တို့မှာနေရာအနှံ့ရောက်ရှိကာ အမြတ်တနိုးတန်ဖိုးထားကြပါပေသည်။

> ❖ ထို့ကြောင့် "စိတ်ကောင်းရှိဖို့က ပထမ"ဟု မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသက ဆုံးမသွန်သင်ခဲ့ပေသည်။ ပညာတတ်ရေး၊ ချမ်းသာရေးတို့ထက် စိတ်ကောင်းစိတ်မြတ်ရှိကြရန်မှာ လွန်စွာအရေးကြီးပေ၏။ ပညာတတ်သော၊ ဥစ္စာပေါသော၊ ရုပ်ချောသောသူများထက် စိတ်ထားကောင်း၊ နှလုံးသားကောင်းသူများသည် အောင်မြင်ခြင်း၊ ကြီးမြတ်ခြင်းသို့ရောက်ခဲ့ကြပေသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးတို့အတွက် ငြိမ်းချမ်းစွာဆန္ဒပြ၍ ရယူနိုင်အောင်ကြိုးပမ်းခဲ့သော မဟတ္တမဂန္ဒီသည် ရုပ်ရည်ရူပကာချောမောခံ့ညားလှသူ မဟုတ်ပါပေ။ ❖

လူ့ဘဝတွင် အသိပညာဗဟုသုတရရှိစေရန် စာဖတ်ရမည်ဖြစ်သည်။ သို့မှသာ"အလိမ္မာစာမှာရှိ" ဖြစ်၍ လိမ္မာကြောင်းတရားစိတ်ထားတို့ပြည့်ဝလာပေမည်။ စာပေနှင့်မိမိစိတ်ကို သင်ယူပြုပြင်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အမှားအမှန်ကိုသိမြင်ကာ လောကဓံကို ရင်ဆိုင်ရှင်သန်နိုင်မည်ဖြစ်သည်။

ရုပ်ရည်ရူပကာတင့်တယ်ရေးအတွက် စိန်၊ ရွှေ၊ ငွေ၊ နီလာ၊ ပုလဲ၊ ကျောက်သံပတ္တမြားတို့ ဆင်သော်လည်း သင်္ခါရတရားသာဖြစ်ပြီး ရိုးသားသိမ်မွေ့သဘောထားဖြူစင်ခြင်းကသာ လောကအမွန်မြတ်ဆုံးနှင့် အလှဆုံးဖြစ်သည်။ တေးရေးဆရာ ဥက္ကလာခင်စော၏ "နှလုံးသားကိုအလှဆင်ပါ" သီချင်းစာသားများကဲ့သို့ "အစဉ်အမြဲဘဝလှပရေးဝယ် ရင်ထဲကအလှသာတွေးကွယ် အပြုံးမြမြ နှလုံးလှပါစေကွယ် အမုန်းစကားမဆိုကြ အစဉ်သာတကယ် နှလုံးသားကို အလှဆင်ပါကွယ်"ဟု ရေးသားချက်ကို လူတိုင်းကြားဖူးကြပါလိမ့်မည်။ စာသားများမှာ အနှစ်သာရပြည့်ဝလှပေသည်။ လောကလူသားတို့သည် စားဝတ်နေရေးကို လုံးပန်းနေကြရပါ၍ ဓနဥစ္စာရွှေငွေအိမ်တို့နောက်လိုက်ကြရင်း လူနေမှုအဆင့်အတန်းမြင့်မားမှုကိုသာ ရှေးရှုပြီး ရေလိုက်မလွဲကြစေလိုပါ။ နှလုံးသားလှပါမှ နေပျော်သောဘဝ၊ တန်ဖိုးရှိသောဘဝဖြစ်ပေလိမ့်မည်။

အတ္တပရမ္မတသော စိတ်သဘောထားနှင့်စီးပွားလူမှုဥစ္စာတို့ကို ရှာဖွေကြရပေလိမ့်မည်။ နိုဘယ်ဆုရှင် မာသာထရီဆာကဲ့သို့ အလွန်နှလုံးသားလှသူမဖြစ်နိုင်သော်လည်း မိမိတို့တတ်စွမ်းသမျှပေးကမ်းလှူဒါန်းမှုနှင့်အတူ လောကကိုငြိမ်းချမ်းကြောင်း အလှဆင်ကြရပေမည်။

စာရေးသူတို့ငယ်စဉ်ကသင်ယူခဲ့ရသော ပုံပြင်ကလေးထဲ၌ တစ်နေ့တွင် လူတို့သွားလာရာလမ်းအလယ်၌ ကျောက်တုံးများပိတ်ကျလျက် သွားလာသူလူအပေါင်းကို ဒုက္ခဖြစ်စေ၏။ လူအများစုသည် ညည်းတွားမှု၊ ဆိုဆဲမှုတို့နှင့်ကျော်ခွ၍သာ သွားလာကြပေသည်။ လူအများသည် ကျောက်တုံးများကို ရှင်းလင်းဖယ်ရှားရန် စိတ်ထားမရှိကြပါပေ။ သို့သော် ထိုအထဲမှ စိတ်ထားဖြူစင်သော လူတစ်ယောက်သည် ခိုင်ခံ့သောတုတ်တစ်ချောင်းကိုယူလျက် လမ်းအလယ်မှ နေရာရွှေ့၍ ခရီးသွားသူလူအပေါင်းအတွက် သွားလာရေးအခက်အခဲ၊ ဒုက္ခနှင့်သောကတို့ကို ဖယ်ရှားပေးခဲ့ပေသည်။ ထိုမွန်မြတ်သောစိတ်ထားရှိ၍ ကျောက်တုံးတို့ကြား၌ ရွှေငွေတို့ရရှိခဲ့ပေသည်။ ထိုပုံပြင်၌ သင်ခန်းစာတစ်ခုအဖြစ် စိတ်ထားလှသူများအတွက် ဆုလာဘ်နှင့်အတူ တန်ပြန်နေရာတစ်နေရာရှိပါပေသည်။ "မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား"ဟူသော စာချိုးလေးနှင့်အညီ စာရေးသူတို့နှလုံးသား၌ ဖြူစင်သောစာရိတ္တမဏ္ဍိုင်လက်ကိုင်ပြုလျက် လှပသောစိတ်ထားကို စွဲမြဲကျင့်ဆောင်ရပေမည်။ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သောသဘောရှိသော်လည်း စာရေးသူတို့သည် ကောင်းမှုဘက်သို့ ထိန်းကျောင်းမောင်းနှင်ရပေမည်။သို့မှသာ နှလုံးသားလှ၍ ဘဝလှပပါပေမည်။

"ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်" ဟု မြတ်ဗုဒ္ဓ၏စကားနှင့်အညီ နှလုံးသားလှသူတို့အတွက် ကောင်းကျိုးများသည် တစ်ခါတစ်ရံ၌ နောက်ကျတတ်သော်လည်း တစ်ခါတစ်ရံ၌ လက်တွေ့လက်ငင်းရတတ်ပေသည်။ ဥပမာအားဖြင့် စာရေးသူတို့အခြေခံပညာသင်ရိုး၌ပါသော ပုံပြင်ကလေးနောက်တစ်ပုဒ် ထုတ်နှုတ်ဖော်ပြလိုက်ပါသည်။ မင်းသားတစ်ပါးသည် မြင်းတစ်ကောင်နှင့် တိုင်းခန်းလှည့်လည်နေချိန် ကျေးလက်တောရွာတစ်ရွာ၌ စိတ်နှလုံးသားလှပသော အဘိုးအိုတစ်ဦးသည် နောင်လာနောက်သားတို့အတွက် သရက်ပင်များစိုက်ပျိုးနေသည်။ မင်းသားသည် အသက်အရွယ်ကြီးရင့်သော အဘိုးအို၏လုပ်ရပ်နှင့် ယခုမှ သရက်ပင်ကလေးများစိုက်ပျိုးနေခြင်းကို မြင်တွေ့ရပြီး အဘယ်အတွက်ဟုသိလို၍ မေးရာ၌ "အို အသင်မင်းသား ကျွန်တော်မျိုးစိုက်ပျိုးခြင်းသည် မိမိအတွက်မဟုတ်ပါဘဲ နောင်လာနောက်သားမြေးမြစ်တို့အတွက် စားရဖို့အရေးမြော်တွေးပြီး စိုက်ပျိုးနေပါတယ်"ဟု ဖြေသည်။ ထို့နောက် အဘိုးအို၏နှလုံးသားလှပမှုစိတ်သဘောထားကြောင့် မင်းသားက အဘိုးအိုကို ပတ္တမြားလက်စွပ်ချီးမြှင့်ခဲ့ပေသည်။ ထိုပုံပြင်ကဲ့သို့ လက်တွေ့လောကတွင်လည်း စိတ်စေတနာမေတ္တာတရား၏ လက်ငင်းရလဒ်များ၊ ဆုလာဘ်နှင့် သာဓကများရှိလေသည်။ ထို့ကြောင့် မည်သည့်အလုပ်ကိုလုပ်ကြသည်ဖြစ်စေ အကောင်းဆုံးလုပ်ကြရပေမည်။

စာရေးသူတို့၏ မိဘ၊ ဆရာများသည်လည်း အလုပ်လုပ်သောနေရာတိုင်း၌ စေတနာမေတ္တာနှင့်လုပ်ရန် လမ်းညွှန်ကြသည်။ ဥပမာအားဖြင့် လောကဓံအရသန့်ရှင်းရေးဝန်ထမ်းဖြစ်ပါစေ သန့်ရှင်းမှုတွင် ထူးချွန်သူဖြစ်ရန် "သူသန့်ရှင်းရေးလုပ်တာကြည့်စမ်း။ ဝင်းပြောင်နေတာပဲ"ဟု ချီးကျူးခံရသည်ထိ စိတ်နှလုံးကောင်းနှင့် အကောင်းဆုံးကြိုးစားဆောင်ရွက်ပါဟု ဆုံးမဖူးပေသည်။

နှလုံးသားအလှသည် နေရာတိုင်းတွင် လိုအပ်ပါပေသည်။ ဘတ်စကားပေါ်၌ မိမိထိုင်ခုံရှိသော်လည်း သက်ကြီးရွယ်အို၊ မသန်စွမ်းနှင့်ရဟန်းသံဃာတော်တို့ကို ဦးစားပေးတတ်သောနှလုံးသားအလှဆင်ကြရန် လိုအပ်ပေသည်။ လက်ဖက်ရည်ဆိုင်၌ပင် စားပွဲထိုးနေသောကလေးငယ်များကို ကရုဏာတရားနှင့်ဆက်ဆံပြီး စိတ်ထားအလှဆင်နိုင်မှသာ မိမိသည်လည်း စိတ်ထားပြည့်ဝသူ၊ နှလုံးသားလှသောသူဖြစ်ပေမည်။ အမှိုက်ကို စည်းမဲ့ကမ်းမဲ့မပစ်ခြင်းမှသည် မိမိ၏မိသားစု၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်မှ နိုင်ငံတော်အဆင့်တိုင် မွန်မြတ်သောနှလုံးသားအလှဆင်ရန် လိုအပ်ပေသည်။ အရာရာ၌ စိတ်ကောင်းများထား၍ ရှင်သန်ကြရပေမည်။ မြတ်ဗုဒ္ဓ၏ ဗြဟ္မစိုရ်တရားနှင့်အညီ စိတ်ကောင်း၊ နှလုံးကောင်းနှင့် လောကကိုအလှဆင်မှသာ ငြိမ်းချမ်းသောဘဝဖြစ်ပေမည်။

"ကျောက်တုံးထဲမှာ အရုပ်ကရှိနှင့်နေပြီးသားပါ။ ကျွန်တော်က မလိုတာတွေကို ဖယ်ထုတ်ပေးလိုက်ရုံပါပဲ"ဟု အီတလီနိုင်ငံ၏ဗိသုကာပညာရှင် မိုက်ကယ်အိန်ဂျယ်လိုက ဆိုသည်။ တကယ်တမ်း လူအများစုတွင် ဖြူစင်သောနှလုံးသား၊ သိမ်မွေ့သောမေတ္တာ၊ နားလည်ပေးတတ်သောကရုဏာတရားတို့ ရှိပြီးသားဖြစ်ပေသည်။ သို့သော် လောဘ၊ ဒေါသတို့၏မြစ်ဖျားခံရာ အတ္တနှင့်ရှင်သန်နေကြ၍သာလျှင် ထိုအရာတို့က ဖုံးအုပ်နေပေသည်။ မလိုအပ်သောဣဿာမစ္ဆရိယမာနတို့ကို ဖယ်ရှားကြရပေလိမ့်မည်။ သို့မှသာ ပြည့်ဝသောလူအဖြစ် နှလုံးသားလှသောအပြုံး၊ အေးမြသောအဖိုးတန်လူတစ်ယောက် ဖြစ်ပေလိမ့်မည်။

အချုပ်ဆိုရပါလျှင် မိမိ၏စိတ်လှပရေးအတွက် မြတ်ဗုဒ္ဓ၏ဓမ္မတရားကို လိုက်နာကျင့်ကြံ၍ တရားသောအလုပ်နှင့်အတူ အများကောင်းကျိုးတွေးတောပြုကြံနေထိုင်ကြရပေမည်။ ဝမ်းစာရှာသော် အတ္တထက် ပရကိုအစဉ်တွေးလျက် ကောင်းမှုနှင့်သင့်တင့်မျှတအောင်နေထိုင်ရပေမည်။ လူ့ဘဝရှင်သန်ချိန် ခဏအတွင်း သုတရသစာပေများဖတ်ရှုလေ့လာကာ နှလုံးသားကို အလှဆင်နိုင်ကြရမည်ဖြစ်သည်။ ထိုလှပသော နှလုံးသားများနှင့် လောကကောင်းကျိုး၊ မိမိကိုယ်ကို၊ မိမိအိမ်၊ မြို့နယ်မှအစ နိုင်ငံတော်ထိ အလှဆင်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နှလုံးသားကို အလှဆင်ပါ (ဥက္ကလာခင်စော)**
- **အခိုးရအခြေခံပညာသင်ရိုးပါသောပုံပြင်များ**
- **မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ဩဝါဒများ**
- **ဓမ္မပဒ**

# ကြံခင်းမြို့နယ် ရင်းတိုက်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကြံခင်း ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပက်မခမ်းကျေးရွာအုပ်စု ရင်းတိုက်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက ရင်းတိုက်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြံခင်းမြို့နယ် ရင်းတိုက်ကုန်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ အလျား ၂၅ ပေ၊ အနံ ပေ ၂၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ သိန်းဖြင့် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၃ ခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၄၃၀၂၃ ဧက ရိတ်သိမ်းပြီးစီး



**ငပုတော ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၁၄၃၀၂၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၄၃၀၂၃ ဧက လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးစပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"လက်ရှိ မိုးစပါးတွေလျာထားချက်အတိုင်း အားလုံးရိတ်သိမ်းပြီးပါပြီ။ အခုရိတ်သိမ်းနေတဲ့ စပါးတွေ လျာထားချက်ပြည့်မီအောင် တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက သွင်းအားစုတွေကို ပံ့ပိုးပေးခဲ့ပါတယ်။ မိုးစပါးတစ်ဧကကို စပါးတင်းတစ်ရာထိ ထွက်ရှိစေဖို့အတွက်လဲ စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့အတိုင်း အခု ရိတ်သိမ်းတဲ့အခါ စပါးတွေအထွက်နှုန်းကောင်းတာတွေ့ရပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် စိုက်ပျိုးခဲ့သည့် မိုးစပါးများကို ရိတ်သိမ်းရာတွင် စပါးတစ်ဧကလျှင် ၈၆ ဒသမ ၈၅ တင်းထိထွက်ရှိခဲ့ကြောင်း၊ မိုးစပါးများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး၊ ရိတ်သိမ်းနိုင်ရေးစသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးဖို့နဲ့ ရိတ်သိမ်းတဲ့လုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေစနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ သီးထပ်ရင်စပါးအမျိုးအစားကို အများဆုံးစိုက်ပျိုးခဲ့ပါတယ်"ဟု ငပုတောမြို့နယ်မှ တောင်သူ ဦးထွန်းထွန်းက ပြောပြသည်။ **ကျော်ကျော်လင်း**

# စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောင်းလင်းကျေးရွာအုပ်စု ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များကို မှာကြားခဲ့သည်။

ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒသမအကြိမ်အဖြစ် အသင်းသား၊ အသင်းသူ ၂၄၂ ဦးကို ငွေကျပ် ၅၂ ဒသမ ၃ သန်းထုတ်ချေးပေးထားပြီး မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုလျှော့ချနိုင်ရေးအတွက် လိုအပ်သော ငွေကြေးနှင့် ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းမိုး**

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၇၆၃ ဧက စိုက်ပျိုးပြီးစီး

**ရေဦး ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၇၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၇၆၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ်မှာ ပဲတီစိမ်း ၂၇၆၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ရေဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ပျဉ်းမနားမြို့နယ် ကြိမ်အင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ရွာသာကျေးရွာအုပ်စု ကြိမ်အင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကြိမ်အင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြိမ်အင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

# ညောင်ရွှေမြို့နယ် နန်းသဲကျေးရွာ၌ ကျေးရွာတွင်းချောင်းကူးတံတားတည်ဆောက်နေမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထပ်တိုး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နန်းသဲကျေးရွာအုပ်စု နန်းသဲကျေးရွာ၌ ကျေးရွာတွင်း ချောင်းကူးတံတား တည်ဆောက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူ၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထက်ရန်ပိုင်၊ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးဟိန်းထက်ကျော်နှင့် ဝန်ထမ်းများက နန်းသဲကျေးရွာအုပ်စု နန်းသဲကျေးရွာ၌ အလျားပေ ၃၀၀၊ အနံ လေးပေ၊ အမြင့် ၁၀ ပေရှိ ကျေးရွာတွင်း ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားသည်။

နန်းသဲကျေးရွာအုပ်စု နန်းသဲကျေးရွာ၌ ကျေးရွာတွင်း ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၁ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**



# သုံးကြောင်းကဗျာ ချစ်စရာ (၃)

**မန်းတင့်မော်**

ဆောင်းလမကုန်သေး။ အအေးဓာတ်ကရှိနေဆဲ။ တစ်ရာသီမကုန်သေးသော်လည်း လာမည့်ရာသီ၏ ပုံရိပ်များက စွန်းထင်းစပြုပြီ။ လက်ပံတို့စတင်ပွင့်ကြပြီ။ အချို့အပင်တို့က ရွက်ဟောင်းများကို ခြွေစပြုလာကြသည်။ မြန်မာတို့၏ အဓိကရာသီသုံးမျိုးတွင် ဆောင်းပြီးလျှင် နွေ၊ နွေပြီးလျှင်မိုး အလှည့်ကျလည်ပတ်လျက်ရှိသည်။ သူ့ရာသီနှင့်သူ အလှကလည်း အမြဲလိုလို အလှဆင်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်၏ အလှတရားကို လူသားတို့က ရှုမြင်ခံစားတတ်ကြသည်။ စာ၊ ကဗျာ၊ ဝတ္ထုများ ရေးဖွဲ့ခဲ့ကြသည်။ တေးသီချင်းများ စပ်ဆိုသီဆိုကြသည်များကလည်း ခေတ်ကာလတိုင်းတွင် တည်ရှိခဲ့သည်။ သဘင်၊ ရုပ်ရှင်နှင့် ရုပ်မြင်ကဏ္ဍများတွင်လည်း တင်ဆက်ခဲ့ တင်ဆက်ဆဲ တင်ဆက်နေကြပါလိမ့်ဦးမည်။

ရာသီစက်ဝန်းဟု ခိုင်းနှိုင်းခဲ့ကြသည်ကိုလည်း မှတ်သားဖူးပါသည်။ လှည့်ပတ်နေသောသဘောဟု ယူနိုင်ပါလိမ့်မည်။ ထို့အတူ လူသားတို့ လျှောက်လှမ်းနေရသော ဘဝခရီးကိုလည်း ချားရဟတ်စီးသည့်ပုံပမာ အနိမ့်အမြင့်၊ အတက်အကျဟူသည်ရှိစမြဲ။ လောကဓံတရားရှစ်ပါးဟူ၍ ဗုဒ္ဓဘာသာဝင်တို့က ယုံကြည်လေ့လည်းရှိပါ၏။ ထိုသဘောတို့ကို ကဗျာဆရာက မြင်တွေးဆပါသည်။ အနာဂတ်ကာလကို မျှော်မှန်းတတ်သော လူ့သဘာဝကိုလည်း ဆင်ခြင်မိပုံရပါသည်။ အဆိုပါအတွေးကို "အလှည့်" ဟူသော ခေါင်းစဉ်ဖြင့် ကဗျာဆရာ ဇာနည်က အောက်ပါအတိုင်း ရေးဖွဲ့ပါသည်။

**အလှည့်**

- နွေပြီးမိုးရက်
ကြိုမတွက်နဲ့
သစ်ရွက်ဟောင်းတို့ ကြွေချင်ကြွေ။ ။

ဇာနည်

ဇာနည် ကလောင်အမည်ယူထားသူမှာ ရဟန်းစာဆိုတစ်ပါးဖြစ်ပါသည်။ စာနယ်ဇင်းများတွင် ဆောင်းပါးကဗျာများကို အစဉ်တစိုက်ရေးဖွဲ့ခဲ့ပါသည်။ စာအုပ်များလည်း ထုတ်ဝေခဲ့သည်။ ကလေးကဗျာကဏ္ဍတွင်လည်း ဆရာတော်က ကလေးကဗျာ၊ ကလေးဝတ္ထုတိုများစွာ ရေးဖွဲ့ခဲ့သည်ကို သတိပြုမိပါသည်။ ယနေ့ထက်တိုင် ဆရာတော်က ကျန်းမာစွာဖြင့်အကျိုးပြုစာပေများကို ရေးသားဆဲလည်းဖြစ်သည်။ အလှည့် သုံးကြောင်းကဗျာတွင် နွေ၊ မိုးဟူသော ရာသီကို နိမိတ်ပုံထား၍ အရာရာကို ကြိုတင်တွက်ဆထားရန် မလိုကြောင်း၊ အချို့သောအရာများသည် မျှော်မှန်းသည့်အတိုင်း ဖြစ်မလာတတ်ပုံကိုလည်း သတိပေးလိုသည်ဟု ယူဆမိပါသည်။

ရဟန်းစာဆိုပီပီ တရားဓမ္မဘက် နွယ်သည်ဟုလည်း တွေးမိပြန်ပါသည်။ အဟောင်းနှင့်အသစ်ဟူသည် ရှိစမြဲ။ ယနေ့ အဟောင်းတို့သည် တစ်ခါက အသစ်ဖြစ်ခဲ့ဖူးသည်။ အဟောင်း၊ အသစ်တို့က တစ်လှည့်စီဖြစ်သည်။ သစ်ရွက်ဟောင်းဟူသည် ပုရစ်ဖူးနုနုကလေးက စခဲ့ရသည်။ ရွက်သစ်ဖြစ်ခဲ့ရသည်။ ရွက်ဟောင်းရွက်ဝါအဖြစ် ကြီးရင့်အိုမင်းလျက် ကြွေကျရသည်မှာ ဓမ္မတာ။ ကဗျာဖတ်သူ၊ စာဖတ်သူအနေဖြင့် အလှည့်အပြောင်းနှင့်ကြုံရလေတိုင်း ကြံ့ကြံ့ခံနိုင်ရန် လိုပါလိမ့်မည်။ ပစ္စုပ္ပန်ကို တည်တည်ရှုမြင်စေချင်သော စေတနာလည်း ပါမည်ဟုထင်မိပါသည်။ ရိုးရိုးနှင့်ချစ်စရာ သုံးကြောင်းကဗျာလေးဟု ဆိုချင်ပါသည်။

"အရင်းစစ်လျှင် အမြစ်မြေက"ဟူသော မြန်မာစကားရှိပါသည်။ သစ်ပင်တစ်ပင်ကြီးထွားရန်၊ ရှင်သန်ရန်၊ မြဲမြံရန် အမြစ်ကအရေးပါသည်။ အမြစ်က ရေကို စုပ်ယူ၍ ပင်စည်အကိုင်းအခက်ဆီသို့ ပို့ပေးရသည်။ အပင်အတွက်လိုအပ်သော အစာအာဟာရအတွက် မြေဆီမြေသြဇာကိုလည်း စုပ်ယူပေးရသေးသည်။ လေဒဏ်မိုးဒဏ်ကြောင့် အပင်ပြိုလဲပျက်စီးတတ်ရာ အမြစ်က ကုပ်တွယ်ပေးရသေးသည်။ အမြစ်၏တာဝန်ကား ကြီးမားလွန်းလှသည်။ ထို့အတူ မိသားစုတစ်စုတွင်လည်း အိမ်ထောင်ဦးစီး၏တာဝန်မှာ များပြားလှသည်။ အများအားဖြင့် ထိုတာဝန်ကို ဖခင်က အလိုအလျောက် ရယူထမ်းဆောင်ပြီး ဖြစ်နေတတ်သည်။ ထိုအချက်ကိုသတိပြုမိသော၊ သူကိုယ်တိုင်လည်း ဖခင်အဖြစ်ရပ်တည်ခဲ့ရသော ကဗျာဆရာဘုတလင်ချစ်လေးက"ဖေဖေ့ကျေးဇူး"အမည်ရှိ သုံးကြောင်းကဗျာတစ်ပုဒ်ကို အောက်ပါအတိုင်း ရေးဖွဲ့ခဲ့ပါသည်။

**ဖေဖေ့ကျေးဇူး**

- ခက်လက်စိမ်းမြ
သီးပွင့်ကြလည်း
မြစ်မအကြော ပြိုင်းပြိုင်းတည်း။ ။

ဘုတလင်ချစ်လေး

ဆရာ၏ကဗျာကိုဖတ်ရင်း မူလတန်းကလေးငယ်လေးများ၏ "ကျေးဇူးကြီးပေတို့ဖေဖေ"ဟူသော ကဗျာရွတ်သံကို ကြားယောင်လာသည်။ မိဘအဖြစ် သားသမီးရလာပြီဆိုကတည်းက ဖခင်ရော မိခင်ပါ တာဝန်နှင့်ဝတ္တရားများ များစွာပိုလာတော့သည်။ နှစ်ဦးအတူ မိသားစုအရေး ပြိုင်တူရုန်းကန် လှုပ်ရှားကြရသည်။ ဖခင်ကမူ မိသားစုစားဝတ်နေရေးအတွက် ငွေကြေးရှာဖွေရသော တာဝန်ကရှိစမြဲ။ တိုး၍ကြိုးစားရတော့သည်။ စာရေးသူ ရွှေဘိုတွင် အမှုထမ်းခဲ့စဉ်က ရွာတစ်ရွာသို့အလည်သွားရင်း တောင်သူဦးကြီးတစ်ယောက်နှင့် ဆုံခဲ့ဖူးသည်။ သူ့တွင် သားသမီးရှစ်ယောက် ထွန်းကားသည်။ ကလေးများသော မိသားစုဖြစ်သည့်အတွက် အခြားသူများ နံနက် ၄ နာရီထ၍ လယ်ထွန်ကြသော်လည်း သူက ၂ နာရီထ၍ ထွန်သည်ဟုဆိုပါသည်။ စောစောထ စောစောထွန်ပြီး အိမ်သို့စောစောပြန်သည်။ အိမ်ရောက်သော်လည်း မနားသေး။ အိမ်ပတ်ဝန်းကျင်တွင် စားပင်သီးပင်မျိုးစုံ စိုက်သေးသည်။ အပိုဝင်ငွေရနိုင်သော ဝါးမှန်းဖြာလျက် ဆန်ကော၊ ဆန်ခါနှင့် တောင်းပလုံးအမျိုးမျိုး ရက်လိုက်သေးသည်။ လယ်ယာသုံး ကြိုးမျိုးစုံကိုလည်း ကျစ်၍ရောင်းသည်။ သူတတ်သော သူ့အတတ်ပညာဖြင့် မိသားစာကိုတင့်တင့်တယ်တယ် ကျွေးမွေးစောင့်ရှောက်နိုင်သည်။ ဖခင်ကောင်းတစ်ဦးဟု မှတ်ယူခဲ့ပါသည်။

မိသားစုတွင် သားသမီးများကို ကျွေးမွေးရုံသာမက ပညာသင်ကြားပေးရသည့် တာဝန်ကိုလည်း ဖခင်က ယူရပြန်သည်။ ယခုအခါ ပြည်တွင်းမှာသာမက ပြည်ပသို့သွားရောက်ပညာသင်ကြားသူများရှိလာရာ ဖခင်၏ တာဝန်မှာ ပို၍လာတော့သည်။ တစ်ဖန် နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်သော အလေ့အထကလည်း ကြီးထွားလာလျက်ရှိရာ ထိုအတွက် ကုန်ကျစရိတ်ကလည်းရှိလာသည်။ ဖခင်ဦးဆောင်လျက် မိခင်နှင့် ကျန်မိသားစုဝင်များကပါ ဝိုင်းဝန်းကြရသည်များလည်း ရှိလာပါသည်။

သားသမီးများက ပညာလည်းစုံ၊ အလုပ်အကိုင်လည်း ရပြန်ဆိုလျှင် ဖခင်ရော မိခင်ပါ ပျော်မဆုံးမော်မဆုံး ဖြစ်ရပြန်သည်။ အတောင်အလက်စုံပြန်တော့ အသိုက်အမြုတည်ဆောက်ရန်က လိုလာပြန်သည်။ ထိုအခါ သားသမီးများ၏ မင်္ဂလာကိစ္စက အရေးပါလာပြန်သည်။ သည်လိုနှင့် သားသမီးများအတွက် နှစ်ပေါင်းများစွာ တာဝန်ထမ်းပြီးချိန်တွင် ဖခင်ကြီး၏ အသက်များလည်း ကြီးလာသည်။ မနားရသေး။ မြေးထိန်းရသေးသည်။ ဆရာဘုတလင်ချစ်လေး၏ ကဗျာထဲကလို အကြောပြိုင်းပြိုင်းထကာ ပိန်လှီသောခန္ဓာကိုယ်ကို ပိုင်ဆိုင်ခဲ့ရပြီ။ သို့သော် ဖခင်၏သားသမီးများအပေါ် စီးဆင်းလျက်ရှိနေသော သမုဒ္ဒယစမ်းချောင်းက စီးဆင်းနေလျက်ပင်။ သစ်တစ်ပင်ကိုပမာပြုလျက်ရေးစပ်ခဲ့သော ဖေဖေ့ကျေးဇူး ကဗျာလေးကိုလည်း ချစ်ခင်နှစ်သက်မိပါသည်။

> ❖ သုံးကြောင်းကဗျာများထဲတွင် အများသိ ထင်ထင်ရှားရှား ကဗျာတစ်ပုဒ်ရှိပါသည်။ သူ့ခေတ်သူ့အခါက လှုပ်လှုပ်ခတ်ခတ်လည်းဖြစ်ခဲ့ဖူးသည်။ မြေရှင်၊ ငွေရှင် ကြေးရှင် စသောစကားလုံးများ အသုံးတွင်ကျယ်ခဲ့သည်။ အရင်းရှင်ဆိုသော စကားကလည်း ကျယ်လောင်ခဲ့ဖူးသည်။ အရင်းအနှီး တစ်နည်း ငွေကြေးချမ်းသာ၍ မတရားစီးပွားရှာသူဟု အဓိပ္ပာယ်သက်ရောက်ခဲ့ဖူးသည်။ ဝိသမလောဘသားများဟု ဆိုနိုင်ပါလိမ့်မည်။ အချို့အချို့သော စီးပွားရေးသမားများသည် လောဘကို အခြေခံလျက် တရားသည်၊ မတရားသည် မစဉ်းစား၊ ငွေကြေးအမြတ်ရရေးကိုသာ ဦးတည်လေ့ရှိကြသည်။ ❖

သုံးကြောင်းကဗျာများထဲတွင် အများသိ ထင်ထင်ရှားရှား ကဗျာတစ်ပုဒ်ရှိပါသည်။ သူ့ခေတ်သူ့အခါက လှုပ်လှုပ်ခတ်ခတ်လည်းဖြစ်ခဲ့ဖူးသည်။ မြေရှင်၊ ငွေရှင် ကြေးရှင် စသောစကားလုံးများ အသုံးတွင်ကျယ်ခဲ့သည်။ အရင်းရှင်ဆိုသော စကားကလည်း ကျယ်လောင်ခဲ့ဖူးသည်။ အရင်းအနှီး တစ်နည်း ငွေကြေးချမ်းသာ၍ မတရားစီးပွားရှာသူဟု အဓိပ္ပာယ်သက်ရောက်ခဲ့ဖူးသည်။ ဝိသမလောဘသားများဟု ဆိုနိုင်ပါလိမ့်မည်။ အချို့အချို့သော စီးပွားရေးသမားများသည် လောဘကိုအခြေခံလျက် တရားသည်၊ မတရားသည် မစဉ်းစား၊ ငွေကြေးအမြတ်ရရေးကိုသာ ဦးတည်လေ့ရှိကြသည်။ ရရှိလာသော ငွေကြေးကြွယ်ဝမှုနှင့် လိုက်ဖက်လှစွာ နေထိုင်စားသောက်လေ့လည်းရှိသည်။ အရင်းရှင်ဆိုသောစကားနှင့်ယှဉ်တွဲလျက် ခေါင်းပုံဖြတ် အမြတ်ကြီးစားဟူသော စကားများလည်း သောသောညံခဲ့ဖူးသည်။ စီးပွားရေးပညာရှင်များက ငွေကြေးဆိုင်ရာနှင့်စီးပွားရေးရာများကို မျှဝေလေ့ရှိကြပါသည်။ စီမံခန့်ခွဲမှုပညာက အခြေခံကျ၍ အထူးအရေးပါကြောင်းလည်း မှတ်သားဖူးပါသည်။ တင်ပြလိုသည့် သုံးကြောင်းကဗျာတွင် လူနှင့်နေရာပြ နှစ်နေရာပါဝင်ပါသည်။ ခေါင်းစဉ်ပါ အရင်းရှင်ဆိုသူကို သူခိုးနှင့်ထပ်တူပြုသည်။ လမ်းကြိုလမ်းကြားတွင် အချိန်မတော်လာတတ်သူမှာ လူကောင်းမဟုတ်နိုင်။ သို့သော် လူကောင်းအသွင်ဆောင် လူဆိုးဆိုသည်လည်း ရှိနိုင်သည်။ သတိပြုရန် နှိုးဆော်ထားသည်ဟုလည်း မြင်ပါသည်။ ကဗျာဆရာ မောင်ယဉ်မွန်၏လက်ရာ "အရင်းရှင်"ကဗျာမှာ-

**အရင်းရှင်**

- သူခိုးဖမ်းပါ
လမ်းကြားမှာလား
ပန်ကာအောက်မှာ ထိုင်နေသည်။ ။

မောင်ယဉ်မွန်

ယခုအခါ ကမ္ဘာမှာရော မြန်မာမှာပါ စီးပွားရေးလုပ်ငန်းများကလည်း ပြောင်းလဲလျက်ရှိသည်ဟုဆိုကြပါသည်။ မည်သို့ပင်ဖြစ်စေ တစ်ခါက ခေတ်ကိုထင်ဟပ်စေသော ချစ်စရာကဗျာ(သုံးကြောင်းကဗျာ)တစ်ပုဒ်ဟု မှတ်တမ်းပြုတင်ပြလိုခြင်းဖြစ်ပါသတည်း။ ။

---

# တောင်သာမြို့နယ် အလယ်ချိုင့်(မြောက်)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**တောင်သာ ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ချိုင့်(မြောက်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် အလယ်ချိုင့်(မြောက်)ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အလယ်ချိုင့်(မြောက်)ကျေးရွာ၌ အရှည် ပေ ၂၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် အလျား ပေ ၄၀၊ အနံ ပေ ၄၀၊ အနက် ၁၂ ပေရှိ မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၂၇ သန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၂၇ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၇ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ လီဗာပူးအသင်း၊ ဝုဖ်ဘတ်အသင်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ကို အားပေးရမှာပါ

M L



တနင်္ဂနွေနေ့ည အမှတ်ပေးပွဲစဉ်မှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေ များနေတာကြောင့် အကြိတ်အနယ်ရှိလာမှာသေချာပါတယ်။ လက်ရှိ ဆောင်းရာသီအပြောင်းအရွှေ့မှာတော့ ထိပ်တန်းအဆင့်ကစားသမားတွေ ပြောင်းရွှေ့မှုနည်းခဲ့ပြီး အလယ်အလတ်တန်းကစားသမားတွေသာ အပြောင်းအရွှေ့ဖြစ်ခဲ့တာကိုတွေ့ရမှာပါ။ ကြားရက်မှာ ပရီးမီးယားလိဂ်နဲ့ လာလီဂါပြိုင်ပွဲတွေ ဆက်လက်ကစားခဲ့တာကြောင့် ဒဏ်ရာရ၊ ပွဲပန်းမှုတွေရှိနေမှာဖြစ်လို့ တနင်္ဂနွေနေ့ညပွဲစဉ်တွေကို သတိထားချဉ်းကပ်ရမှာဖြစ်ပြီး ကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားကောင်းတဲ့အသင်းတွေကိုသာ ဆက်လက်အားပေးရမှာပါ။

## လီဗာပူးအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲမှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အာဆင်နယ်နဲ့ လီဗာပူးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့အမှတ်ပေးပွဲမှာ တစ်ဖက်တစ်ဂိုးစီနဲ့ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အဲဒီအချိန်မှာ အာဆင်နယ်အသင်းက ပုံစံကောင်းရရှိနေတဲ့ကာလဖြစ်တာကို တွေ့ရမှာပါ။ ဒါပေမဲ့ နောက်တစ်ကြိမ် ဖလားပြိုင်ပွဲမှာတွေ့ဆုံချိန်မှာတော့ လီဗာပူးက အာဆင်နယ်အသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိ အာဆင်နယ်အသင်းဟာ ကစားသမားစုံလင်နေပေမဲ့ တိုက်စစ်ပိုင်းက အရေးကြီးတဲ့ပွဲစဉ်တွေမှာ ဂိုးရဖို့ရုန်းကန်နေရသလို ခံစစ်ပိုင်းကလဲ ပေးဂိုးများနေတာကို တွေ့ရမှာပါ။ အမှတ်ပေးပွဲ ၂၂ ပွဲကစားအပြီးမှာတော့ ရမှတ် ၄၆ မှတ်နဲ့ အဆင့်(၃) မှာရောက်ရှိခဲ့ပြီး အဆင့်(၁) က လီဗာပူးနဲ့ ရမှတ်ငါးမှတ်ကွာဟခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်ဟာ ရာသီအစပိုင်းမှာ ပြိုင်ဘက်မရွေး အနိုင်ယူနိုင်စွမ်းရှိတဲ့အသင်းဖြစ်ပေမဲ့ ဒုတိယရာသီဝက်မှာတော့ အမြဲတမ်းရုန်းကန်နေရတဲ့ မှတ်တမ်းဆိုးကို အခုထိ ပြင်ဆင်နိုင်ခြင်း မရှိသေးပါဘူး။ လက်ရှိ ခံစစ်ပိုင်းကလဲ နောက်ဆုံးရှစ်ပွဲမှာ ပွဲတိုင်းပေးဂိုးရှိခဲ့တာကြောင့် အခုပွဲစဉ်မှာ လီဗာပူးကိုဖွင့်ကစားခဲ့ရင် ပေးဂိုးများပြီး ရမှတ်ဆုံးရှုံးသွားဖို့များပါတယ်။

လီဗာပူးအသင်းဟာ လက်ရှိမှာ ခံစစ်၊ တိုက်စစ် အကောင်းဆုံး ပုံစံမှာရှိနေပြီး နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၁၁ ပွဲဆက်ရှုံးပွဲမရှိခဲ့တာကိုတွေ့ရမှာပါ။ တိုက်စစ်ပိုင်းကလဲ အဓိကကစားသမား ဆာလာဟ် ဒဏ်ရာရနေပေမဲ့ ဒီယက်ဂိုဇ်၊ ဂျိုတာ၊ နူနက်တို့ အတွဲမိနေတာကြောင့် နောက်ဆုံးငါးပွဲဆက်မှာ ၁၆ ဂိုးထိသွင်းယူခဲ့ပြီး ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အမှတ်ပေးပွဲမှာ ရမှတ် ၅၁ မှတ်နဲ့ ဦးဆောင်နေသလို ယူရိုပါလိဂ်ပြိုင်ပွဲမှာလဲ အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ကာရာဘောင်းဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲထိရောက်ခဲ့ပြီး အက်ဖ်အေဖလားမှာလဲ ပဥ္စမအဆင့်တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ အသင်းကြီးနှစ်သင်းတွေ့ဆုံနေလို့ ပြိုင်ဆိုင်မှုပြင်းထန်မှာဖြစ်ပေမဲ့ နည်းစနစ်ပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာ လီဗာပူးက အာဆင်နယ်ထက် ပိုသာနေသလို ကစားသမားတွေရဲ့ တစ်ဦးစွမ်းဆောင်ရည်ကလဲ လီဗာပူးအသာရနေတာဖြစ်ပါတယ်။ ဒါကြောင့် အဝေးကွင်းဖြစ်ပေမဲ့ ကစားကွက်ပိုင်းနဲ့ ကစားသမားတွေရဲ့စွမ်းဆောင်ရည်ပိုင်းကြောင့် လီဗာပူးအသင်းကိုပဲ အားပေးရမှာပါ။

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၀ | - | ၂ | ဝက်စ်ဟမ်း |
| ဖူလ်ဟမ် | ၂ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၀ | - | ၂ | လီဗာပူး |
| အာဆင်နယ် | ၅ | - | ၀ | ပဲလေ့စ် |
| နော်တင်ဟမ် | ၁ | - | ၂ | အာဆင်နယ် |

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၁ | ဖူလ်ဟမ် |
| ဘုန်းမောက် | ၀ | - | ၄ | လီဗာပူး |
| ဖူလ်ဟမ် | ၁ | - | ၁ | လီဗာပူး |
| လီဗာပူး | ၅ | - | ၂ | နော့ဝှစ်ချ် |
| လီဗာပူး | ၄ | - | ၁ | ချဲလ်ဆီး |

## ဝုဖ်ဘတ်အသင်းနဲ့ လက်တွဲရမှာပါ

ဘွန်ဒက်လီဂါ ပွဲစဉ် (၂၀) မှာ အကြိုက်တွေ့မိတာကတော့ ဝုဖ်ဘတ်အသင်းနဲ့ ဟော်ဖန်ဟိမ်းအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ ဝုဖ်ဘတ်အသင်းဟာ ဘက်ရန်းစ် ၊ အန်မက်ချာ၊ ဝမ်မာတို့လို တိုက်စစ်ကစားသမားတွေ ဆုံးရှုံးခဲ့တာကြောင့် ဂိုးရဖို့ခက်ခဲခဲ့ပြီး နောက်ဆုံးငါးပွဲဆက်မှာ တစ်ပွဲသာအနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် တိုက်စစ်ပိုင်းက ခုနစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ အမှတ်ပေးပွဲ ၁၉ ပွဲကစားအပြီးမှာတော့ ရမှတ် ၂၂ မှတ်နဲ့ အဆင့်(၁၁) မှာရောက်ရှိနေပြီး အဆင့်(၈) က ဟော်ဖန်ဟိမ်းနဲ့ သုံးမှတ်၊ အဆင့်(၉) က ဝါဒါဘရီမင်နဲ့ တစ်မှတ်၊ အဆင့်(၁၀) က ဟိုဒန်ဟိမ်းနဲ့ တစ်မှတ်သာ ကွာဟနေတာဖြစ်လို့ အခုပွဲစဉ်ကို အနိုင်ကစားမယ်ဆိုရင် အမှတ်ပေးဇယားအပေါ်ကို တက်ရောက်နိုင်မှာဖြစ်ပါတယ်။ လက်ရှိ တိုက်စစ်ပိုင်းကိုတော့ ဂျူးနက်ဝင်းက ဦးဆောင်နေပြီး သွင်းဂိုးကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ကစားသမားခြောက်ဦးဒဏ်ရာရနေပေမဲ့ ပြိုင်ဘက်ဟော်ဖန်ဟိမ်းကလဲ ကစားအားကျဆင်းနေတာကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးနိုင်မှာသေချာပါတယ်။

ဟော်ဖန်ဟိမ်းအသင်းဟာ လက်ရှိ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် နောက်ဆုံးခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတာကို တွေ့ရမှာပါ။ ဒါ့ပြင် နောက်ပိုင်းပွဲစဉ်တွေမှာ အဓိကကစားသမားတွေ ဒဏ်ရာရခဲ့တာကြောင့် နိုဝင်ဘာလနောက်ပိုင်း ပြိုင်ပွဲစုံမှာ တစ်ပွဲသာအနိုင်ရခဲ့ပြီး ရလဒ်ကောင်းဖို့ ခက်ခဲနေတာကို သတိပြုရမှာပါ။ ပထမအကျော့မှာတော့ ဝုဖ်ဘတ်ကို သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပေမဲ့ ကစားကွက်ပိုင်းမှာ ဝုဖ်ဘတ်ကအသာရခဲ့ပြီး ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုလဲ ဝုဖ်ဘတ်အသင်းကသာ ပိုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ သူတို့နှစ်သင်းရဲ့ ကစားကွက်ပိုင်းမှာ ဝုဖ်ဘတ်အသင်းက ခံစစ်ကစားပုံမာကျောနေပေမဲ့ ဟော်ဖန်ဟိမ်းကတော့ ခံစစ်နဲ့ တိုက်စစ်ပိုင်းနှစ်ခုစလုံး အားနည်းနေတာကို တွေ့ရမှာပါ။ ဒါကြောင့် ဟော်ဖန်ဟိမ်းအနေနဲ့ ဝုဖ်ဘတ်အသင်းကို ဂိုးရဖို့ခက်ခဲနိုင်သလို ဝုဖ်ဘတ်အသင်းတိုက်စစ်မြင့်ကစားလာမယ်ဆိုရင်တော့ ဂိုးပေးရမှာသေချာပါတယ်။ အကျောပေးမှုကလဲ ဝုဖ်ဘတ်က သရေရလဒ်ဆိုတစ်ဝက်လောက်ရှုံးမဲ့အခြေအနေက ဝုဖ်ဘတ်အသင်း အနည်းဆုံးသရေရလဒ်ကစားနိုင်မှာဖြစ်တာကြောင့် ဝုဖ်ဘတ်အသင်းနဲ့ လက်တွဲရမှာပါ။

**ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၁ | - | ၂ | ဘိုင်ယန်မြူးနစ် |
| ရှော်လ်ကေး | ၂ | - | ၃ | ဝုဖ်ဘတ် |
| မိန့်ဇ် | ၁ | - | ၁ | ဝုဖ်ဘတ် |
| ဟော်ဖန်ဟိမ်း | ၁ | - | ၁ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၁ | ကိုလုံး |

**ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၃ | - | ၃ | ဒမ်စတက် |
| အော့စ်ဘတ် | ၁ | - | ၀ | ဟော်ဖန်ဟိမ်း |
| ဘိုင်ယန်မြူးနစ် | ၃ | - | ၀ | ဟော်ဖန်ဟိမ်း |
| ဖရိုင်းဘတ် | ၃ | - | ၂ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၁ | - | ၁ | ဟိုဒန်ဟိမ်း |

## ရီးရဲလ်မက်ဒရစ်အသင်းကို ရွေးချယ်ရမှာပါ

စပိန်လာလီဂါပွဲစဉ်တွေထဲမှာ အကြိုက်တွေ့မိတာကတော့ တနင်္ဂနွေနေ့ည နောက်ကျပွဲစဉ်ဖြစ်တဲ့ ရီးရဲလ်မက်ဒရစ်၊ အေတီကိုအသင်းတို့ရဲ့ မက်ဒရစ်ဒါဘီပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အစဉ်အလာရ ပြိုင်ဘက်ကောင်းဖြစ်ပေမဲ့ အခုနှစ်တွေ့ဆုံမှုမှာတော့ အေတီကိုက ပထမအကျော့အိမ်ကွင်းမှာ သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ရီးရဲလ်မက်ဒရစ်ဟာ ဘယ်လင်ဟမ်ကိုခေါ်ယူပြီးနောက်ပိုင်း တိုက်စစ်ပိုင်းကောင်းမွန်ခဲ့လို့ အမှတ်ပေးပွဲ ၂၁ ပွဲအပြီးမှာ ရမှတ် ၅၄ မှတ်နဲ့ အဆင့်(၂) ထိရောက်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်ပိုင်းမှာတော့ ဗင်နီစီးယက်စ်၊ ရိုဒရီဂိုတို့အတွဲနဲ့ နောက်ချန်တိုက်စစ်မှူးအဖြစ် ဘယ်လင်ဟမ်ကို အသုံးပြုနေတာကြောင့် ပြိုင်ဘက်ရဲ့အာရုံစိုက်မှုခံရတဲ့ အထောင်တိုက်စစ်နှစ်ယောက်အနေနဲ့ ဂိုးရဖို့ခက်ခဲချိန်မှာ ဘယ်လင်ဟမ်က နေရာလွတ်ရှာတွေ့ခဲ့ပြီး အသင်းအတွက် ဂိုးတွေသွင်းယူနေတာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ ကော့တ်ွိုက်၊ မီလီတာအို၊ အလာဘာတို့ကလွဲရင် ကျန်ကစားသမားတွေအားလုံးပါဝင်နိုင်မှာဖြစ်လို့ အေတီကိုကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

အေတီကိုအသင်းဟာ အခုရာသီမှာ ကစားကွက်ပိုင်းတိုးတက်လာပေမဲ့ အရေးကြီးတဲ့ပွဲစဉ်တွေမှာတော့ ရလဒ်ကောင်းဖို့ ခက်ခဲခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်ခဲ့ပေမဲ့ အဝေးကွင်းမှာတော့ အသင်းငယ်တွေကိုတောင် မထင်မှတ်ဘဲ ရှုံးခဲ့တာကြောင့် အမှတ်ပေးပွဲမှာ ရမှတ် ၄၇ မှတ်သာရခဲ့ပြီး အဆင့်(၁) ဂျီရိုနာနဲ့ ရမှတ် ရှစ်မှတ်ထိကွာဟခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုပွဲစဉ်မှာတော့ အသင်းရဲ့ ဂိုးသွင်းအများဆုံး ကစားသမားမိုရာတာ အနေနဲ့ ဒဏ်ရာကြောင့် ပါဝင်ဖို့မသေချာတာကြောင့် တိုက်စစ်မှာ ဒီပေး၊ ဂရစ်ဇ်မန်းတို့အတွဲနဲ့ ပွဲထွက်လာဖို့များပါတယ်။ ဒါ့ပြင် နည်းပြဆီမြွန်နီအနေနဲ့ ဗဟိုခံစစ်က ဂျီမီနက်ဇ်ဒဏ်ရာရနေလို့ ကွင်းလယ်က ဝှစ်ဆယ်ကို ထည့်သွင်းအသုံးပြုနေရတာကြောင့် ရီးရဲလ်မက်ဒရစ် တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ လက်ရှိအကျောပေးမှုကလဲ ရီးရဲလ်မက်ဒရစ်က တစ်ဂိုးနဲ့နိုင်ရင် အပြည့်ပျော်ခွင့်မရတဲ့အခြေအနေက အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမှာ ပြင်းရှလွန်းတဲ့အကျောပေးမှုဖြစ်နေလို့ အိမ်ရှင် ရီးရဲလ်မက်ဒရစ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၅ | - | ၃ | အေတီကို |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | ဘာစီလိုနာ |
| အေတီကို | ၄ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၂ | အယ်မာရီယာ |
| လက်ပါးမက် | ၁ | - | ၂ | ရီးရဲလ်မက်ဒရစ် |

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၄ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ဂရန်နာဒါ | ၀ | - | ၁ | အေတီကို |
| အေတီကို | ၁ | - | ၀ | ဆီဗီလာ |
| အေတီကို | ၂ | - | ၀ | ဗလင်စီယာ |
| အေတီကို | ၂ | - | ၁ | ဗယ်လ်ကာနို |

# စပိန်နိုင်ငံ ကတ္တလန်နယ်မြေတွင် မိုးခေါင်ရေရှားမှုကြောင့် ရေပေးဝေမှုကို အကန့်အသတ်ဖြင့် ပေးဝေသွားမည်



**မက်ဒရစ် ဖေဖော်ဝါရီ ၂**

စပိန်နိုင်ငံ ကတ္တလန်နယ်မြေတွင် မိုးခေါင်ရေရှားမှုကြောင့် ရေပေးဝေမှုကို အကန့်အသတ်ဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း ကတ္တလန်နယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ထို့ပြင် ရေရှားပါးနေသည့်အတွက် ကားရေဆေးခြင်းကို တားမြစ်ထားပြီး ရေကူးကန်များကို လည်းပိတ်ထားရန် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ကြောင်း၊ ကတ္တလန်နယ်မြေတွင် ကျေးလက်ဒေသပေါင်း ၂၀၀ ကျော်ရှိပြီး စပိန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် ဘာစီလိုနာမြို့လည်းတည်ရှိနေကာ သောက်သုံးရေရှားပါးမှု ပြဿနာဖြင့် ရင်ဆိုင်နေရသည့် လူဦးရေ ခြောက်သန်းကျော်ထိ ရှိကြောင်း၊ ရေလှောင်တမံများတွင်လည်း ရေပမာဏကျဆင်းကာ ပုံမှန်ဝင်ဆံ့သိုလှောင်ထားနိုင်သည့် ပမာဏ၏ ၁၆ ရာခိုင်နှုန်းကျဆင်းနေကြောင်း ကတ္တလန်နယ်မြေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်တဲ့ပြဿနာကြောင့် သောက်သုံးရေ ခက်ခဲလာတယ်။ ရေလှောင်တမံတွေမှာလဲ ရေပမာဏ သိသိသာသာကျဆင်းလာတဲ့အတွက် သောက်သုံးရေပေးဝေမှုကို ကန့်သတ်ထိန်းချုပ်သွားမှာဖြစ်ပါတယ်။ ဒီပြဿနာကို အမြန်ဆုံးကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ရာသီဥတုပြောင်းလဲမှု လျှော့ချရေး လုပ်ငန်းတွေကိုလဲ အရှိန်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ကတ္တလန်နယ်မြေ၏ အကြီးအကဲဖြစ်သူ အာရာဂိုးနက်စ်က ပြောကြားခဲ့သည်။

ကတ္တလန်နယ်မြေ အာဏာပိုင်အဖွဲ့အစည်းက သောက်သုံးရေခက်ခဲလာသည့်အတွက် ပြည်သူများကို ပုံမှန်ပေးဝေနေသည့်ရေပမာဏမှ ငါးရာခိုင်နှုန်းလျှော့ချသွားမည်ဖြစ်ပြီး တောင်သူများကို ပုံမှန်ပေးဝေနေသည့် ရေပမာဏ၏ ၈၀ ရာခိုင်နှုန်းထိ လျှော့ချသွားမည်ဖြစ်ကြောင်း၊ လူတစ်ဦးအတွက် တစ်ရက်လျှင် သောက်သုံးရေလီတာ ၂၁၀ ထိ ပေးဝေနေရာမှ လီတာ ၂၀၀ သာ ပေးဝေတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဟန္နိုင်းမြို့တွင် လေထုညစ်ညမ်းမှုမြင့်တက်လာခြင်းကြောင့် လေကြောင်းခရီးစဉ်များ ယာယီဆိုင်းငံ့

**ဟန္နိုင်း ဖေဖော်ဝါရီ ၂**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တော်တွင် လေထုညစ်ညမ်းမှုမြင့်တက်ပြီး မြူခိုးများဖုံးလွှမ်းနေခြင်းကြောင့် ဟန္နိုင်းမြို့ရှိ နွိုင်ဘိုင်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့ခဲ့ရကြောင်း ဗီယက်နမ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗီယက်နမ် လေထုသန့်စင်မှုညွှန်းကိန်းစောင့်ကြည့်တိုင်းတာရေးအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ဟန္နိုင်းမြို့တော်တွင် ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုသည် အန္တရာယ်ရှိသည့် အဆင့်သို့ရောက်ရှိနေကြောင်း၊ မြူခိုးများဖုံးလွှမ်းနေပြီး မြင်ကွင်းမရှင်းသည့်အတွက် လေကြောင်းခရီးစဉ် ၁၀၀ ကျော်ကို ယာယီဆိုင်းငံ့ခဲ့ရခြင်းဖြစ်ကြောင်း ဗီယက်နမ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မြူခိုးတွေ ဖုံးလွှမ်းနေတဲ့အတွက်ကြောင့် နွိုင်ဘိုင်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆင်းသက်မဲ့ လေကြောင်းခရီးစဉ်တွေကို နွိုင်ဘိုင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆင်းသက်ခွင့်မပြုဘဲ အနီးပတ်ဝန်းမှာရှိတဲ့ ဟိုင်ဖောင်းမြို့နဲ့ ဒါနန်မြို့တို့ရှိလေဆိပ်တွေမှာ ဆင်းသက်ဖို့အတွက် အရေးပေါ်ညွှန်ကြားခဲ့ရပါတယ်။ ဟန္နိုင်းမြို့တော်ကနေ ထွက်ခွာမဲ့ လေကြောင်းခရီးစဉ်တွေကိုလဲ ယာယီဆိုင်းငံ့ထားပါတယ်"ဟု နွိုင်ဘိုင်အပြည်ပြည်ဆိုင်ရာလေဆိပ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ဟန္နိုင်းမြို့တော်တွင် ပြီးခဲ့သည့် ဇန်နဝါရီလကလည်း လေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ပြီး လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ဒေသခံပြည်သူများကို နေအိမ်အဆောက်အအုံများအတွင်း၌သာနေထိုင်ရန် ညွှန်ကြားခဲ့ရကြောင်း၊ ယခုတစ်ဖန် လေထုညစ်ညမ်းမှုမြင့်တက်လာခဲ့ပြီး ဟန္နိုင်းမြို့တော်အနေဖြင့်လည်း ကမ္ဘာ့လေထုညစ်ညမ်းမှု အမြင့်မားဆုံးသော မြို့တော်များစာရင်းတွင် ပါဝင်လာခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အာဂျင်တီးနားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပွားနေ

**ဗျူနိုအေးရိစ် ဖေဖော်ဝါရီ ၂**

အာဂျင်တီးနားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှု ဖြစ်ပွားနေကြောင်း အာဂျင်တီးနားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိပြီး ပြည်သူများမှာလည်း ကမ်းခြေများတွင် သွားရောက်အနားယူနေရကြောင်း၊ ဇန်နဝါရီလအတွင်းက ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့သော်လည်း ရာသီဥတုပြောင်းလဲမှုမြန်ဆန်ခဲ့ပြီး အပူချိန်မြင့်တက်မှုကြောင့် ဆီးနှင်းများအရည်ပျော်ကျမှုဖြစ်ပေါ်လျက်ရှိကြောင်း၊ ဗျူနိုစ်အေးရိစ်မြို့တွင် လမ်းမကြီးများထက်၌ ဖုံးလွှမ်းနေသည့် ဆီးနှင်းများ အပူချိန်မြင့်တက်မှုကြောင့် အရည်ပျော်သဖြင့် ရေလွှမ်းမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်ပတ်သက်၍ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက အရေးပေါ်အဆင့်သတ်မှတ်ထားကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

"အပူလှိုင်း ဖြတ်သန်းပြီး အာဂျင်တီးနားနိုင်ငံတစ်ဝန်းမှာ အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နေပါတယ်။ အပူချိန်ပမာဏက ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ပတ်သက်ပြီး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ ၂၀၂၃ ခုနှစ်တုန်းကလဲ ဖေဖော်ဝါရီလကနေစတင်ပြီး အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့တာ မတ်လမှာတော့ အပူချိန် စံချိန်တင်မြင့်တက်ခဲ့တယ်"ဟု အာဂျင်တီးနား မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

အာဂျင်တီးနားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မတ်လကလည်း အပူချိန်စံချိန်တင်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ပြီး ၎င်းအပူချိန်မြင့်တက်မှုမှာ အာဂျင်တီးနားနိုင်ငံ သမိုင်းတစ်လျှောက် အမြင့်ဆုံးသော အပူချိန်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း အလားတူ စံချိန်တင် အပူချိန်မြင့်တက်မှု ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။




၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။



ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။



ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀




## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ. လ. က(ခွဲ)(၂၂)၊ Grade-9 မှ မသီရိခိုင်၊ Grade-2(A) မှ မောင်ကျော်ဇင်ဖြိုး၊ Grade-1(B)မှ မောင်ဟိန်းထက်ဇော် တို့၏ဖခင်အမည်မှန်မှာ မွေးဖွားစာရင်းအရ ဦးကျော်ခိုင်ဝင်း ဖြစ်ပါကြောင်း။

**ဦးကျော်ခိုင်ဝင်း**
**(၉/ ခမစ(နိုင်)၀၀၃၈၀၉)**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တိုးချဲ့ဇေယျာရပ်ကွက်နေ ဦးကျော်(ဘ)ဦးထွန်းအောင် (၅/စကန(နိုင်)၀၁၄၆၀၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တိုးချဲ့ဇေယျာရပ်ကွက်၊ အကွက်အမှတ်(၇၉၇)၊ ဦးပိုင်အမှတ်(၂၅၁)၊ ဧရိယာ(၀. ၀၈၃) ဧကအကျယ်အဝန်းထဲမှ (၃၂× ၆၀)ပေအကျယ်အဝန်းရှိမြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်(ဘ)ဦးထွန်းအောင်(၅/စကန(နိုင်)၀၁၄၆၀၆)အမည်ဖြင့် (၁၈-၁၂- ၂၀၀၁)မှ (၁၇-၁၂-၂၀၃၁) ရက်အထိ နှစ်(၃၀)အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဂရန်အမည်ပေါက်သူ ဦးကျော် နှင့် ဇနီးဖြစ်သူ ဒေါ်လှမူ တို့သာ သက်ဆိုင်ပိုင်ဆိုင်သည်ဖြစ်ကြောင်း၊ အထက်ပါ ဂရန်မြေကွက် အမည်ပေါက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်တင်စာဖြိုးဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၈၀)**
**၀၉-၉၆၈၄၁၄၈၅၉**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ စက်မှု-၂ ဈေးနှင့် မြရည်နန္ဒာဈေးရှိ (၈ × ၁၀)ပေ အတည်ဆိုင်ခန်း ရောင်းချရန်အတွက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု-၂ဈေးရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် (၈ × ၁၀)ပေ အတည်ဆိုင်ခန်း (၆၈)ခန်းနှင့် မြရည်နန္ဒာဈေးရှိ (၈ × ၁၀)ပေ အတည်ဆိုင်ခန်း (၇)ခန်းကို တစ်ခန်းချင်းအလိုက် ရောင်းချခြင်းအားလေလံစနစ်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်လေလံ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/- နှုန်းဖြင့် (၇-၃-၂၀၂၄)ရက်နေ့မှ (၂၀-၃-၂၀၂၄)ရက်နေ့အထိ ရောင်းချသွားပါမည်။
(ခ) (၁၀-၄-၂၀၂၄)ရက်နေ့တွင် အိတ်ဖွင့်လေလံလျှောက်လွှာအား နောက်ဆုံးထားတင်သွင်းရပါမည်။
(ဂ) အိတ်ဖွင့်လေလံလာရောက်လျှောက်ထားသည့်အခါ စပေါ်ငွေကို တစ်ပါတည်းပေးသွင်းရပါမည်။

၂။ သိရှိလိုသည်များရှိပါက ဖုန်း- ၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန် အသိပေးကြေညာခြင်း"

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်၊ အကွက်အမှတ်(ဇောင်းကလော/၅၁၆-က)၊ ဦးပိုင်အမှတ်(၁၀/ခ)၊ ဧရိယာ(၁၂. ၅× ၂၈)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု ကတိပြုပြောဆိုသည့် ဦးဝင်းမောင်(ဘ)ဦးကျော်မြင့်(၈/မကန(နိုင်)၀၅၉၅၉၃) နှင့် ဒေါ်သေးသေး(ဘ)ဦးလွမ်းလိုင်းဆမ်(၁၂/လကန(နိုင်)၁၁၉၆၂၂)တို့ထံမှ ကျွန်ုပ်မှ ဝယ်ယူရန် သဘောတူညီပြီးနောက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာဝေ (ဘ) ဦးချစ်မြိုင်**
**၅/ အရတ(နိုင်)၀၂၀၂၀၄**
**ပြည်ကြီးတံခွန်မြို့**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ရန်သူမီးဘေး
တားဆီးရေး
မနေး
ဆောင်ရွက်ကြ

❖ အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိနိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ် ...

❖ အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်း ရှင်းလင်းဆောင်တွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲပိတ်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



**နေပြည်တော် ဖေဖော်ဝါရီ ၂**

နည်းပညာတက္ကသိုလ်များနှင့်ကွန်ပျူတာတက္ကသိုလ်များ၏တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါပိတ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စာမျက်နှာ ၁၈ ကော်လံ ၁☆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် နေပြည်တော်ရန်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။**

